မြန်မာနိုင်ငံ
ကက်သလစ်
ဆရာတော်များ
အဖွဲ့ချုပ်
သတင်းဂျာနယ်

# the CBCM Herald


သင်တို့ အချင်းချင်း ချစ်ကြ
လျှင် လူခပ်သိမ်းတို့သည်
ထိုချစ်ခြင်း မေတ္တာကို
ထောက်ရှု၍ သင်တို့သည်
ငါ၏တပည့်များ ဖြစ်ကြောင်း
သိကြလိမ့်မည်။
ယောဟန် ၁၃း၃၅


ဇွန်လ ၂၀၁၉ ခုနှစ် | မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ လစဉ်ထုတ်ဝေသည် | အတွဲ (၄) အမှတ် (၆)





ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ဘူလ်ဂေးရီးယား နိုင်ငံသို့ ၂၀၁၉ ခုနှစ် မေလ ၅ ရက်မှ ၇ ရက် အထိ ၃ ရက်တာ သွားရောက်ခဲ့သည်။ အော်သဒေါ့စ် ခရစ်ယာန်အများပိုင်း ရှိရာထိုဒေသသို့ သွားရောက်ခြင်းဖြင့် ခရစ်ယာန်များစည်းလုံး ရေးအတွက် ရည်ရွယ်သော ခရီးစဉ်လည်း ဖြစ်သည်။ ထိုခရီးစဉ်အတွင်း နိုင်ငံရေး ခေါင်းဆောင်များအား တွေ့ဆုံ မိန့်ခွန်းပေးခြင်း၊ ဘာသာရေး ခေါင်းဆောင်များနှင့် ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်ခြင်းတို့ပြုလုပ်ခဲ့သည်။ လူနည်းစုဖြစ်သော ကက်သလစ် ခရစ်ယာန်များနှင့်လည်း အတူတကွ မစ္ဆားပူဇော်ခြင်းတို့ ပြုလုပ်ခဲ့သည်။



ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ဘူလ်ဂေးရီးယား နိုင်ငံ မှ မြောက် မက်ဆယ်ဒိုးနီးယားသို့ ၂၀၁၉ ခုနှစ် မေလ ၇ ရက်တွင် ခရီးဆက်ခဲ့သည်။ မာသာ တရေဇား ၏ မွေးရပ်မြေဖြစ်သော ထိုဒေသတွင် မာသာတရေဇားအတွက် ဘုရားသခင်အား ကျေးဇူးတင်ခြင်းနှင့် ဆုတောင်းမေတ္တာကိုလည်း ရွတ်ဆိုခဲ့သည်။

စကိုပယေမြို့တွင် လူငယ်များနှင့် တွေ့ဆုံပြီး ဘဝတွင် ရည်မှန်းချက် ကြီးကြီး ထားရန်နှင့် လူ့အသိုင်းအဝိုင်းတွင် ပါဝင် လုပ်ဆောင်ကြရန် တိုက်တွန်းခဲ့သည်။ မာသာတရေဇားကဲ့သို့ ဘုရားသခင်၏ အသံကို နားထောင်ပြီး အကူအညီလိုအပ်သူများအတွက် ပေးဆပ်တတ်ရန် သတိပေးခဲ့သည်။



## အယ်ဒီတာ့ အာဘော်

### တလုံးတဝတည်း ရှိစေတော်မူပါ

ယေရှုးခရစ်တော်သည် အသေခံတော်မမူမီ နောက်ဆုံးညစာစားပွဲ၌ ပြုခဲ့သော ဆုတောင်းမေတ္တာကို ရှင်ယောဟန် ဧဝံဂေလိကျမ်း အခန်းကြီး ၁၇ တွင် ကျွန်ုပ်တို့ ဖတ်ရှုရပါသည်။ ဤဆုတောင်းမေတ္တာကို ခရစ်တော်သည် ရဟန်းတစ်ပါးအဖြစ်ပြုခဲ့သော ဆုတောင်းခြင်းအဖြစ် မှတ်ယူကြသည်။ ထိုဆုတောင်းခြင်းတွင် သူ၏ တပည့်တော်ကြီးများအတွက် အကြိမ်များစွာ ထည့်သွင်းဆုတောင်းခဲ့သည်။ ထိုဆုတောင်းချက်များထဲတွင် အထင်ရှားဆုံးမှာ "တလုံးတဝတည်း ဖြစ်စေပါ" ဆိုသည့် ဆုတောင်းခြင်း ဖြစ်သည်။ ဤဆုတောင်းခြင်းကို ယေရှုးအရှင်သည် ငါးကြိမ်တိုင်တိုင် ထပ်ခါထပ်ခါ ဆုတောင်းခဲ့သည်။ (ယောဟန် ၁၇း၁၁၊ ၂၁ (၂ ကြိမ်)၊ ၂၂၊ ၂၃)

- သန့်ရှင်းမွန်မြတ်တော်မူသောအဖ၊ ကျွန်ုပ်အား အပ်နှင်းထားတော်မူသော သူတို့သည် ကျွန်ုပ်တို့ကဲ့သို့ တစ်လုံးတစ်ဝတည်း ဖြစ်ကြစေရန် ကိုယ်တော်၏ နာမတော်၌ စောင့်ရှောက်တော်မူပါ။ (၁၇း၁၁)
- အဖ ကိုယ်တော်သည် ကျွန်ုပ်၌၊ ကျွန်ုပ်သည်လည်း ကိုယ်တော်၌ တည်ရှိသကဲ့သို့ သူတို့သည်လည်း တစ်လုံးတစ်ဝတည်း ဖြစ်စေတော်မူပါ။ (၁၇း၂၁က)
- သူတို့သည် ကျွန်ုပ်တို့၌ တစ်လုံးတစ်ဝတည်း ဖြစ်စေခြင်း အားဖြင့် (၁၇း၂၁ခ)
- ကိုယ်တော်နှင့် ကျွန်ုပ်သည် တစ်လုံးတစ်ဝတည်းဖြစ် သကဲ့သို့ သူတို့သည်လည်း တစ်လုံးတစ်ဝတည်းဖြစ် ကြစေရန် (၁၇း၂၂)
- ကျွန်ုပ်သည် သူတို့၌လည်းကောင်း၊ ကိုယ်တော်သည် ကျွန်ုပ်၌ လည်းကောင်း တည်ရှိသဖြင့် သူတို့၏ တစ်လုံးတစ်ဝတည်း ရှိခြင်းသည် ပြည့်စုံပါလိမ့်မည်။ (၁၇း၂၃က)

ခရစ်တော်၏ ဆုတောင်းခြင်းသည် တမန်တော်ကြီး ၁၂ ပါးအတွက်သာ မဟုတ်ဘဲ နောင်တွင် သူ၏ နောက်လိုက် ဖြစ်လာမည့် ခရစ်ယာန်များ အားလုံးအတွက်ပါ ဆုတောင်းခဲ့ခြင်းဖြစ်သည်။ ခရစ်တော်၏ နောက်လိုက် တစ်ဦး အနေနှင့် အားလုံးနှင့် စည်းလုံးညီညွတ်စွာ နေထိုင်ရှင်သန်နိုင်ခြင်းသည် မရှိမဖြစ် လိုအပ်သော အရည်အချင်းတစ်ခုဖြစ်သည်။

တလုံးတဝတည်း နေထိုင်နိုင်ရန် အားလုံးလိုက်နာလုပ်ဆောင်ရမည့်တာဝန် တစ်ခုဖြစ်သည်။ ထိုအရာသည် တနည်းအားဖြင့် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် စည်းလုံးခြင်းအတွက် အလိုအပ်ဆုံးမှာ မေတ္တာတရားဖြစ်သည်။ ထိုမေတ္တာတရားသည် ကျွန်ုပ်တို့၏ ကယ်တင်ခြင်း ဖြစ်သည်။ "*ငါတို့သည် ညီအစ်ကိုတို့ကို ချစ်သောကြောင့်သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးပြောင်းခဲ့ကြကြောင်းကိုငါတို့သိကြ၏။ မချစ်တတ်သောသူသည် သေခြင်း၌သာ တည်ရှိ၏။*" (၁ယောဟန် ၃း၁၄)။ ခရစ်ယာန်ချစ်ခြင်းသည် သူတပါးအတွက် အကောင်းကို ဖန်တီးပေးခြင်းဖြစ်သည်။ ထိုမေတ္တာတရားသည် တလုံးတဝတည်းရှိခြင်းအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အများကောင်းကျိုးအတွက် မိမိအသက်တာအားဖြင့် အစေခံရဲသော ပေးဆပ်ခြင်းကို ကျင့်ကြံကြရမည်။

ယနေ့မျက်မောက်ခေတ်အချိန်အခါတွင် လူ့အသိုင်းအဝိုင်း နှင့် အသင်း အဖွဲ့စည်းများအတွင်း နည်းမျိုးစုံဖြင့် ကွဲပြားနေကြသည်ကို တွေ့မြင်ကြရသည်မှာ ဝမ်းနည်းဖွယ်ရာဖြစ်သလို၊ စိုးရိမ်စရာလည်း ဖြစ်သည်။ စိတ်ဝမ်းကွဲပြားခြင်း၏ နောက်ဆက်တွဲအဖြစ် ပဋိပက္ခမျိုးစုံကိုလည်း ရင်ဆိုင်နေကြရသည်။

လူတစ်ယောက်သည် အခြားတစ်ယောက်နှင့် ထပ်တူညီသည် ဆိုသည်မှာ မရှိပါ။ အကြိုက်နှင့်စရိုက်မတူညီခြင်း၊ ခံစားချက်နှင့် ခံယူချက်မတူညီခြင်း၊ အတွေးနှင့်အမြင် ခြားနားခြင်း စသည့် မတူညီခြင်းများအကြားတွင် တလုံးတဝတည်း ဖြစ်ရေးမှာ မလွယ်ကူပါ။ သို့သော် မဖြစ်နိုင်သော အရာတော့ မဟုတ်ပါ။

ကနဦး အသင်းတော်တွင်လည်း အခက်အခဲများနှင့် ကွဲပြားမှုများရှိသော်လည်း တလုံးတဝတည်း ဖြစ်ရေးအတွက် ဆောက်တည်ခဲ့ကြသည်ကို တမန်တော် ဝတ္ထုတွင် ဖတ်ရှုရသည်။ "ထိုသူတို့သည် တမန်တော်တို့၏ ဆုံးမသွန်သင်ခြင်း၊ မိတ်သဟာယဖွဲ့ခြင်း၊ မုန့်ဖဲ့ခြင်းနှင့် ဆုတောင်းပတ္ထနာ ပြုခြင်းတို့ကို မြဲမြံစွာ လိုက်နာကျင့်ကြံနေထိုင်ကြ၏။" (တမန် ၂း၄၂) ထို့ကြောင့် တမန်တော်တို့၏ သွန်သင်ချက်များအား နာယူကျင့်ကြံခြင်း၊ အတူတကွ ဆုတောင်း ခြင်း၊ အထူးသဖြင့် မစ္ဆားတရားတော်မြတ်အတွင် အတူတကွ ပါဝင်ခြင်းတို့သည် တလုံးတဝတည်း ဖြစ်ရေးအတွက် မရှိမဖြစ်လိုအပ်သော အရာများ ဖြစ်သည်။

ခရစ်တော်သည် တပည့်တော်ကြီးများ၊ သူ၏ နောက်လိုက်များ တလုံးတဝတည်း ရှိရေးအတွက် အသေခံတော်မမူမီ ပူပန်ခြင်းများစွာနှင့် ဆုတောင်းခဲ့သည်။ ယခုလည်း ဆုတောင်းနေဆဲဖြစ်ပါလိမ့်မည်။ မတူညီမှုများကြောင့်၊ ခြားနားမှုများရှိနေသောကြောင့် ကွဲပြားခြင်းများကို ကျော်လွှားကာ ခရစ်တော်၏ ဆန္ဒအတိုင်း တလုံးတဝတည်း ဖြစ်ရေး အတွက် ဆုတောင်းရင်း ကြိုးစားကြပါစို့။

## ၂၀၁၉ ခု ဇွန်လ အတွက်
## ပုပ်ရဟန်းမင်းကြီး၏ ဆုတောင်းမေတ္တာ ရည်ရွယ်ချက်

**ဘုန်းတော်ကြီးများသည် သူတို့အသက်တာ၏ သိက္ခာ နှင့် နှိမ့်ချခြင်းအားဖြင့် မိမိတို့ကိုယ်ကို အဆင်းရဲ ဆုံးသောသူများနှင့် မျှဝေရှင်သန်ခြင်းတွင် တက်ကြွစွာ ဆက်ကပ်နိုင်ကြပါမည့် အကြောင်း**






**ဇွန်လသည်
ယေရှုး ရှေ့နှလုံးတော် အား
အပ်နှံထားသော လဖြစ် ပါသည်
ကျွန်ုပ်တို့၏ မိသားစုများအား
ယေရှုး ရှေ့နှလုံးထံ အပ်နှံကာ
ကိုယ်တော်ရှင် ချစ်ခြင်းမေတ္တာ
နှင့် ကာကွယ်စောင့်ရှောက်ခြင်း
ခံယူကြပါစို့။
လ၏ ပထမ သောကြာနေ့တိုင်း
ကိုယ်တော်မြတ်ပင့်ယူခြင်းဖြင့်
ကောင်းသော သေခြင်းဖြင့်
သေနိုင်ရန် ပြင်ဆင်ကြပါစို့။**

**ထုတ်ဝေခွင့်အမှတ်**
၀၁၇၂၅

**နာယက**
ဆရာတော် ပီတာလွီစ် ကျာခူ

**အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ**
ဖာသာရ် မာရီယာနို စိုးနိုင်

**အယ်ဒီတာအဖွဲ့ဝင်များ**
ဖာသာရ် ဂျိမ်းဘရန်ဂျာ၊ ဖာသာရ် စောလောရင်းစ်၊
ဖာသာရ် ဝီလျံစိုး၊ ဖာသာရ် ဩဂုတ်စတင်းရွှေ

**ဒီဇိုင်းဖွဲ့စည်းပုံ**
ဖါသာရ် စိုးနိုင် ၊ ရိုစ့်မေရီ

**အတိုင်ပင်ခံများ**
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

**ဖြန့်ချီရေးတာဝန်ခံများ**
သာသနာ (၁၆)ခု နှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

**ပုံနှိပ်တိုက်**
စိန်ဇေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**ငွေလွှဲရန်**
ရိုးမဘဏ်နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅

**ဆက်သွယ်ရန်**
CBCM Herald သတင်းစာရုံးခန်း
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈ (ရုံးဖွင့်ချိန်များသာ)
cbcmosc@gmail.com

# ကောင်းကင်ဘုံ၌ ဆုတောင်းမေတ္တာ

သီကိုရှင်း



သခင်ဘုရား ကိုယ်တော်တိုင် စီရင်သင်ကြားပေးတဲ့ မေတ္တာထဲမှာ နေ့စဉ်စားစရာကို တောင်းလျှောက်ပြီးတဲ့နောက် တစ်ပါးသူတွေနဲ့ ပေါင်းသင်းဆက်ဆံရေးကို ကျွန်ုပ်တို့ထောက်ရှုကြရပါတယ်။ သခင်ယေဇူးက အဖခမည်းတော်ဆီမှာ ခွင့်လွှတ်ခြင်းကို တောင်းကြဖို့ သင်ပေးတယ်။ သူများရဲ့ အပြစ်ကိုခွင့်လွှတ်သလို ကျွန်ုပ်တို့ရဲ့အပြစ်ကိုလည်း ခွင့်လွှတ်ပါဆိုပြီး တောင်းခံခိုင်းတယ်။ နေ့စဉ်ဘဝမှာ စားစရာလိုအပ်သလို ကျေအေးသင့်မြတ်ခြင်းဆိုတဲ့ ခွင့်လွှတ်ခြင်းကလည်း မရှိမဖြစ်တဲ့ အရာတစ်ခုပါပဲ။

ဆုတောင်းတတ်တဲ့ ခရစ်ယာန်မှန်ရင် ဘုရားဆီကနေ ခွင့်လွှတ်ခြင်းကို အရင်ဆုံး တောင်းတယ်။ ဒါဟာ ဆုတောင်းမေတ္တာတိုင်းမှာ ရှိရမယ့် သဘောတရားပဲ။ ဘယ်လောက်ပဲ အပြစ်အနာဆာကင်းတဲ့ ရဟန္တာကြီးတွေ ဖြစ်နေပါစေ၊ ဘုရားသခင်ဆီမှာ အကြွေးတင်နေတဲ့ ဘုရား သားသမီးတွေအဖြစ် ဆက်ရှိနေဦးမှာပါ။ ခရစ်ယာန် တစ်ယောက်အတွက် အန္တရယ်ရှိတဲ့ အရာက မာနပဲ။ မာနဝင်ရင် ပလွှားချင်တယ်။ အရာရာတိုင်းနဲ့ လူတိုင်းနဲ့ညှိယူစရာ မလိုအောင် အဆင်ပြေတယ်လို့ပဲ ထင်တယ်။ သခင်ယေဇူးမိန့်ကြားတဲ့ ဖာရီဇေဦးပုံဥပမာလိုပေါ့။ သူများလို မဟုတ်တဲ့အတွက် ဘုရားကို ကျေးဇူးတင်တယ်လို့ တလွဲကြီးဆုတောင်းနေတာကို သူမသိဘူး။ မိမိကိုယ်ကို ပြည့်ဝတဲ့သူလို့ထင်တဲ့သူက သူများကိုစီရင်ဆုံးဖြတ်တဲ့နေရာမှာအလွယ်လေးပြုတတ်တယ်။ ကျွန်ုပ်တို့အားလုံးက ပြည့်ဝတဲ့သူတွေ မဟုတ်ဘူး။ အပြစ်သားတွေပါ။ အပြစ်ရှိတဲ့အပြစ်သားမို့ ဘုရားရဲ့ ကရုဏာသနားခြင်းကို အမြဲတောင်းခံနေရပါတယ်။ မိမိရဲ့ အားနည်းချက်၊ အပြစ်ချို့ယွင်းချက်တွေကို ဝန်ခံအသိမှတ် ပြုပါမှ ဘုရားသခင်ရဲ့ ခွင့်လွှတ်ခြင်း၊ ကုသခြင်းလိုအပ်တယ် ဆိုတာကိုလည်း ခံစားသိမြင်နိုင်ပါ လိမ့်မယ်။

အပြစ်လို့ပြောရင် ကိုယ်မမြင်ရတဲ့ အပြစ်တွေ ရှိသလို သိသာထင်ရှားတဲ့ အပြစ်ဆိုတာလည်း ရှိတယ်။ တချို့အပြစ်တွေက ကိုယ်တိုင်သတိမထားမိဘဲလူကိုဖြေးဖြေးချင်းလှည့်စားနေတတ်တယ်။ အထူးသဖြင့် မာနလိုအပြစ်မျိုး။ မသိမသာလေးချုပ်ကိုင်ထားတာ။ မာနဆိုတဲ့အပြစ်က ညီအစ်ကိုမောင်နမစိတ်ကို ခွဲခြားစိတ်ဝမ်းကွဲစေတယ်။ ကိုယ်သာလျှင်သူများထက် သာတယ်လို့မြင်တယ်။ ကြာလာတော့ ဘုရားကိုတောင် ပုန်းချင်း ယှဉ်ချင် လာပါတော့တယ်။ တကယ်တော့ ကျွန်ုပ်တို့အားလုံးဟာ ဘုရားရှေ့မှောက်မှာ အပြစ်သားတွေ ချည်းပါပဲ။ ငါတို့မှာအပြစ်မရှိဘူးလို့ ပြောရင် ကိုယ့်ကိုကိုယ် လှည့်စားလိုက်တာနဲ့ အတူတူပဲ။ ကျွန်ုပ်တို့ဟာအကြွေးသည်တွေပါ။မိဘတွေဆီမှာအကြွေးတင်တယ်။ ကျေးဇူးရှင်တွေဆီမှာ အကြွေးတင်တယ်။ ဘုရားသခင်ဆီမှာ အကြွေးတင်တယ်။ တစ်နည်းနည်းနဲ့တော့ ကိုယ့်ရယူခဲ့တဲ့ ဒီအကြွေးတွေကို ပြန်ဆပ်ရမှာ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ဟာ ကိုယ်ပိုင် အလင်းမရှိတဲ့ လမင်းကြီးလိုပဲ။ နေရဲ့အလင်းရောင်ကိုယူပြီး ပြန်လည် လင်းထိန်ခွင့် ရတာပါ။ ကိုယ့်အလင်းနဲ့ကို တောက်ပရရင်တော့ ပိုစုန်းကြူးသာသာပဲ ရှိလိမ့်မယ် ထင်တယ်။ ဘုရားဆိုတဲ့ စိန်နားကပ်အရောင်နဲ့ ကျွန်ုပ်တို့က ပါးပြောင်နေကြရတာပါ။ ဘုရားအလင်းနဲ့လင်း၊ ဘုရားအချစ်ကြောင့် ချစ်တတ်၊ဘုရားရဲ့ ခွင့်လွှတ်ခြင်းကြောင့် ပြန်လည် ခွင့်လွှတ်တတ်လာကြပါတယ်။

(ဧပြီလ ၁၀ ရက်၊ ၂၀၁၉)

ဘုရားသခင် ဆီမှာ အကြွေးတင်တယ် ဆိုတာ တကယ်တော့ လူသားဆန်တယ်လို့ ပြောရမှာပါ။ ဘုရားဆီက အရာရာတိုင်းကို ရယူခဲ့တယ်။ အသက်၊ ချစ်ခြင်းမေတ္တာ၊ ကျေးဇူးတော်၊ အရည်အချင်း အစွမ်းအစတွေကအစ ဘုရားဆီက ရခဲ့ကြတာပဲ။ ဘဝက ရယူတာချည်း သက်သက်မဟုတ်ဘဲ ဘုရားရဲ့အချစ်ကိုလည်း ခံရတယ်။ မိမိကိုယ်ကို ပြုလုပ်ဖန်ဆင်းသူ ဆိုတာမရှိဘူး။ ဒါကြောင့် ဘုရားဆီမှာ အကြွေး တင်နေကြတယ်။ တခြားသူတွေ အပေါ်မှာလည်း အကြွေးတွေတင်နေတယ်။

ဆုတောင်းတဲ့အခါမှာ ကျေးဇူးတင်တတ်ဖို့အတွက် သင်ယူရမယ်။ ကျေးဇူးပါလို့ ပြောဖို့မကြာခဏ မေ့လျော့နေတယ်။ အတ္တတွေကြီးတယ်လို့ပဲဆိုမလား။ ကျေးဇူးမတင်တဲ့ အပြင် အကြွေးတွေလည်း ပိနေတဲ့ အတ္တသမားတစ်ယောက်လိုများ ဖြစ်နေလား။ ဘဝကိုရုန်းကန်ကြိုးစားပြီး ဘုရားပေါ်တင်တဲ့ အကြွေးကို ဆပ်မယ်ဆိုရင်တောင် ဒီအကြွေးတွေ ကျေနိုင်ပါ့မလား။ မကျေနိုင်သော အကြွေး၊ ပြန်မဆပ်နိုင်သော ကျေးဇူးတော်တွေ များလှပေခြင်း။ ခရစ်ယာန်သွန်သင်ချက်အတိုင်း လိုက်လျှောက်အသက်ရှင်တဲ့ သူရဲ့ဘဝမှာ တောင်းခံရမယ့်အရာ တစ်ခုရှိတယ်။ အဲ့ဒါက ခွင့်လွှတ်ခြင်း၊ အကြွေးတွေကို ဖြေလွှတ်ပေးခြင်းပဲ ဖြစ်ပါတယ်။ အကြွေးတွေကို ဖြေလျှော့ခဝါချပေးဖို့ ဘုရားဆီမှာ ကျွန်ုပ်တို့တောင်းခံကြတယ်။ ဘုရားဆီကအပြစ်ခွင့်လွှတ်ခြင်း တောင်းခံကြသလို သူတစ်ပါးက ကိုယ့်ဆီမှာတင်နေတဲ့ အကြွေးသို့မဟုတ် အပြစ်ကိုလည်း ဖြေလျှော့ခွင့်လွှတ်ပေးရမှာပဲ ဖြစ်ပါတယ်။

အပြစ်ခွင့်လွှတ်ခြင်း ရှိတယ်ဆိုတာကို ခရစ်ယာန်တိုင်းက သိရှိနားလည်ကြတယ်။ ဘုရားက အမြဲတမ်းခွင့်လွှတ်ပေးတယ်။ ကရုဏာသနားခြင်းကို ပြသပေးတယ်။ ဖြောင့်မတ်သူ အများကြီးထက် အပြစ်သားတစ်ယောက် နောင်တရတာကို ဘုရားသခင်က ပိုပြီးပျော်ရွှင်ပါတယ်။ ဘုရားသခင်ဆီမှာ နောင်တတရားနဲ့ ချဉ်းကပ်ပြီး အပြစ်ခွင့်လွှတ်ခြင်း တောင်းခံတဲ့သူက ဘုရားက ခွင့်မလွှတ်ဘူးဆိုတာ မရှိပါဘူး။ ဒါပေမဲ့ဘုရားရဲ့ကျေးဇူးတော်က တောင်းဆိုမှုတော့ရှိတယ်။ များများခံစားရရှိတဲ့သူက များများပေးရမယ့်သဘော။ များများအချစ်ခံရတဲ့သူက သူများကိုလည်း များများ ပြန်ချစ်ရမယ်။ အများကြီး ခွင့်လွှတ်ခံရသူကလည်း သူများကို အများကြီးပြန်ခွင့်လွှတ်ပေးရမယ်။ မိမိနဲ့ နီးစပ်တဲ့ သူရဲ့အပြစ်ကို ခွင့်မလွှတ်ပေးရင် ဘုရားရှင်ဆီကနေလည်း ကျွန်ုပ်တို့ရဲ့အပြစ်ခွင့်လွှတ်ခြင်းကိုတောင်းခံဖို့မဖြစ်နိုင်ဘူး။ ဘုရားက ခွင့်လွှတ်သလို ပြန်ပြီးခွင့်လွှတ်ပေးဖို့ကိုတော့ တောင်းဆိုတယ်။ တချို့လူတွေပြောတာရှိတယ်။ ငါဘယ်တော့မှ သူ့ကိုခွင့်မလွှတ်နိုင်ဘူး ဆိုပြီးအပြစ်ကို ချည်ထားတယ်။ ဒါဟာတံခါးကို ပိတ်လိုက်တာနဲ့ အတူတူပါပဲ။

ကျွန်ုပ်တို့က ဘယ်သူတွေလဲ စဉ်းစားကြည့်ရအောင်ပါ။ "အိုအဖ၊ ကျနော်တော့ ဒါကို မလုပ်နိုင်ဘူး။ သူတို့က ကျနော်အပေါ် ကြမ်းတမ်းစွာ ပြုမူတတ်ကြတယ်။ သူတို့ကို ကျနော် ခွင့်မလွှတ်နိုင်ဘူး"။ ခွင့်လွှတ်ခြင်းကို မပြုနိုင်ဘူးဆိုရင်တောင် ခွင့်လွှတ်နိုင်အောင် ဆုကျေးဇူးကို တောင်းခံရမယ်။ မေတ္တာမှာ အသွားအပြန်ရှိသလို ခွင့်လွှတ်ခြင်းမှာလည်း အသွားအပြန် သဘောတရားရှိတယ်။ ခွင့်လွှတ်ခြင်းကို နားလည် သဘောပေါက်ခြင်းဟာလည်း ကျေးဇူးတော်တစ်ပါးပဲ။ အဲ့ဒီကျေးဇူးတော်ကို ဘုရားသခင်က လူတိုင်းကို ပေးထားတယ်။ စကားလေးတစ်ခွန်းအားဖြင့်၊ ပွေ့ဖက်လိုက်ခြင်းအားဖြင့်၊ နောက်ဆုံး အပြုံးလေးနဲ့တောင် ကျွန်ုပ်တို့ရဲ့ ခွင့်လွှတ်ခြင်းကို ပြသလို့ရပါတယ်။ ကျွန်ုပ်တို့ရရှိတဲ့ ခွင့်လွှတ်ခြင်း ကျေးဇူးတော်ဖြင့် သူတစ်ပါးရဲ့ အပြစ်အမှား တွေကိုလည်း သင်ပုန်းချေလိုက်ကြရအောင်ပါ။

(ဧပြီလ၂၄ ရက်၊ ၂၀၁၉)

ကောင်းကင်ဘုံ၌ မေတ္တာရဲ့ နောက်ဆုံးအပိုင်းဖြစ်တဲ့ "နောက်ယှက်ခြင်းအမှုတို့၌ ပါဝင်ခြင်းမရှိစေဘဲ မကောင်းဟူသမျှမှ ကင်းလွှတ်စေပါ" ဆိုတဲ့ ဆုတောင်းစကားကို ထောက်ရှုကြည့်ရအောင်။ ကောင်းကင်ဘုံ၌ မေတ္တာကို စတဲ့အခါမှာ အငြိမ်လေးနဲ့ စတယ်။ ဘုရားရဲ့စီမံကိန်း အလိုတော်ကို ကျွန်ုပ်တို့ကြားမှာ ပြည့်စုံစေဖို့ တောင့်တချင်စိတ်ဖြစ်စေတယ်။ ပြီးတော့ နေ့စဉ်အစားအစာကို တောင်းလျှောက်တယ်။ အဲ့ဒီနောက်သူတစ်ပါးနဲ့ ဆက်နွယ်ပတ်သက်မှုကို ဦးတည်လိုက်တယ်။ အတ္တနဲ့ မကင်းတဲ့လူ့သဘောကို သူတစ်ပါးဆိုတဲ့ စိတ်နဲ့နေတတ်အောင် လမ်းကြောင်း ပေးတယ်။ အပြစ်တွေအတွက် ခွင့်လွှတ်ခြင်းကို တောင်းခံရုံမက မိမိကိုယ်တိုင်ကလည်းအပြစ်ခွင့်လွှတ်ပေးဖို့ တောင်းဆို ထားပြန်တယ်။ အဖခမည်းတော်နှင့် အပြန်အလှန် စကားပြောတဲ့ ပုံစံနဲ့ဆုတောင်းတဲ့ ဒီမေတ္တာရဲ့ နောက်ဆုံးမှာ မကောင်းမှုထဲကို မကျရောက်စေဖို့တောင်းလျှောက်ထားပါတယ်။

မူရင်း ဂရိဘာသာစကားရဲ့ ဆိုလိုရင်းကိုတော့ အတိအကျပြောဖို့ခက်တယ်။ နောက်ပိုင်းဘာသာပြန်ဆိုမှုတွေမှာလည်း အားနည်းချက်တွေရှိတယ်။ ဒါပေမဲ့လို့ ဆိုလိုတဲ့သဘောတရား၊ အနှစ်သာရကိုတော့ ကျွန်ုပ်တို့နားလည်ကြပါတယ်။ အင်္ဂလိပ်လိုဆိုရင် ဒီစကားက နဲနဲအထင်လွဲစရာရှိတယ်။ Do not lead us into temptation စုံစမ်းနှောင့်ယှက်ခြင်းထဲကို မပို့ဆောင်ပါနဲ့လို့ အဓိပ္ပါယ်ကောက်လို့ရတယ်။ ဘုရားကပဲ ကျွန်ုပ်တို့ကို စုံစမ်းခြင်းထဲကို ပို့သလိုလို အထင်မှားစရာ။ ကောင်းကင်ဘုံ၌ မေတ္တာကို ဘယ်လိုအစပျိုးထားလဲသိတယ်နော်။ ကျွန်ုပ်တို့အဖလို့ ခေါ်တထားတာ။ အဖဖြစ်သူက သူ့သားသမီးတွေကို မကောင်းမှုတွေထဲကျစေပါ့မလား။ နတ်ဆိုးထောက်ချောက်ထဲကိုရော တွန်းပို့ပါ့မလား။သားသမီးတွေကိုစုံစမ်း၊ စမ်းသပ်ရတာကို ပျော်မွေ့နေတဲ့ဘုရားမဟုတ်ဘူး။ နှောင့်ယှက်ခြင်းခံရတယ်ဆိုဦး။ ဒါကို ဘုရားက နှောင့်ယှက်တယ်လို့မပြောနဲ့။ ဘယ်သူကိုမှမကောင်းဖြစ်စေဖို့မစုံစမ်းဘူး။ ကျွန်ုပ်တို့ဖက်က ရပ်တည်တဲ့ ဘုရားက ကျွန်ုပ်တို့ကို ဆန့်ကျင်ဖက် ဘယ်တော့မှပြုမှာမဟုတ်ဘူး။

စုံစမ်းခြင်း၊ စမ်းသပ်ခြင်းဆိုတဲ့ ကိစ္စတွေကိုယေဇူးသခင်ရဲ့ဘဝမှာတောင် ကြုံတွေ့ခဲ့ရတာပဲ။ လူလိုပဲဘုရားတောင် နှောင့်ယှက်ခြင်းခံရတယ်။ ဒါကိုကြည့်ခြင်းအားဖြင့်

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ အဆက်

လူတွေရဲ့ အားနည်းချက်ကို ဘုရားသခင်က ပိုနားလည်တယ်ဆိုတာကိုသိရတယ်။ ဘုရားသခင်က ပျော်ရွှင်တဲ့အချိန်လည်း တို့နဲ့အတူရှိတယ်။ စုံစမ်းခံရချိန်မှာလည်းတို့နဲ့အတူရှိတယ်။ အပြစ်ပြုလို့ ကျရှုံးလဲကျသွားရင်လည်းဘေးနားမှာဘုရားရှိနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာကျွန်ုပ်တို့ရဲ့ဖခင်ဖြစ်လို့ပဲ။ ဒီတော့ ကျွန်ုပ်တို့ကိုဘယ်တော့မှနောင့်ယှက်ခြင်းထဲမှာ ပစ်ထားမှာမဟုတ်ပါဘူး။ ဘုရားသခင်ဟာ ကျွန်ုပ်တို့ စုံစမ်းနှောင့်ယှက်ခံရချိန်မှာ နှစ်သိမ့်ရာအရှင်ဖြစ်ပါတယ်။ အပြစ်ရဲ့သွေးဆောင်ခြင်းထဲကိုနှောင့်ယှက်ခံရတဲ့အခါမှာ ကျွန်ုပ်တို့ရဲ့ ဘေးနားမှာ ဘုရားရှိခြင်းကို သတိရပါ။ ဒီလို နှောင့်ယှက် သွေးဆောင်ခြင်းကနေ ကင်းဝေးစေဖို့ ကျွန်ုပ်တို့ ဆုတောင်းကြတယ်။ အဲ့ဒီအချိန်ရောက်လာခဲ့ရင်လည်း တစ်ယောက်ထဲအထီးကျန်စွာပစ်ထားခံရတာမဟုတ်ဘူးဆိုတာကိုအမှတ်ရပါ။ ကျွန်ုပ်တို့ရဲ့ အပြစ်တွေအတွက် ခရစ်တော်ဟာ လက်ဝါးကားတိုင်ထက်မှာ ပူဇော်ပေးသွားခဲ့တယ်။ ကားတိုင်နဲ့ဖြေလွှတ်ခဲ့သလို စုံစမ်းခြင်း ကားတိုင်ကိုလည်း တည်ငြိမ်စွာ ခံထမ်းနိုင်ဖို့ဘုရားသခင်ဆီမှာ ကျွန်ုပ်တို့ တောင်းလျှောက်ကြရမယ်။

(မေလ ၁ ရက်၊၂၀၁၉)

သီကိုရှင်း

# ခရစ်ယာန်များ၏ အသက်တာ၌ ငြိမ်းချမ်းရေး မပျောက်မရှစေဘဲ ဝန်ထုပ်ကို သယ်ဆောင်လျှက်ရှိဟု ရဟန်းမင်းကြီး ဖရန်စစ်မိန့်



ဒုက္ခကို ၉၉.၉၉ ရာခိုင်နှုန်းသော လူသားများမကြိုက်၊ မနှစ်သက်ကြ။ ဒုက္ခကြား၌ပြုံးရန်မဖြစ်နိုင်ပါ။ သို့သော် ဘုရားကျေးဇူးတော် ခွန်အားဖြင့် ဖြစ်ပျက်လာသည့် အခြေအနေအရပ်ရပ်ကို အကောင်းဆုံးလက်ခံပြီး၊ ပြုံးတတ်အောင်ကြိုးစားရမည်ဖြစ်သည်။ ခရစ်ယာန်များ၏ အသက်တာ၌ ငြိမ်းချမ်းရေးမပျောက်မရှစေဘဲ ဘဝဝန်ထုပ်ကိုသယ်ဆောင်ရမည်။ ငြိမ်းချမ်းခြင်းသည် ယေရှုသခင် တပည့်တော်ကြီးများနှင့် လမ်းမခွဲမီ ပေးထားခဲ့သောလက်ဆောင်မွန် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လမ်းခွဲခြင်းသည်အလွန်ခံစားနာကျင်ရသည်။ တပည့်တော်ကြီးများသည် ဧဝံဂေလိတရားကို ဟောကြားရာတွင် အခက်အခဲ၊ ညှဉ်းပမ်း နှိပ်စက်မှုများကို ကြုံတွေ့ခဲ့ကြသည်။ ထိုအခက်ခဲများကို တပည့်တော်ကြီးများက နောက်ဆုံးညစာစားပွဲတွင်ယေရှုသခင်ပေးခဲ့သော ငြိမ်းချမ်းရေးဖြင့် အားယူကာဖြေသိမ့်ကျော်ဖြတ်ခဲ့ကြသည်။

ဒုက္ခနှင့်စုံစမ်းမှုပြည့်နက်နေသော ဘဝသည် အပေါ်ယံမျှ ဆင်ခြင်ပါက ငြိမ်းချမ်းရေးမဲ့နေသကဲ့သို့ ထင်မြင်ရသည်။ သို့သော်မင်္ဂလာတရား ရှစ်ပါးအနက် နောက်ဆုံးမင်္ဂလာတရားဖြစ်သော လူတို့သည် ငါ့အတွက်ကြောင့် သင်တို့ကိုစော်ကားညှဉ်းဆဲပြီး မဟုတ်မမှန်ဘဲအ မျိုးမျိုးပြစ်တင်ရှုတ်ချကြသောအခါ သင်တို့သည် မင်္ဂလာရှိကြ၏။ ရွှင်လန်းဝမ်းမြောက်ခြင်းရှိကြလော့ဟု ယေရှုသခင်၏ ခွန်အားဖြစ်ဖွယ်မိန့်မြွက်ချက် ရှိသည်။ (ရှင်မာတေဦး ၅း၁၁) ယေရှုသခင်၏ ငြိမ်းချမ်းရေးလက်ဆောင်သည် တပည့်တော်ကြီးများ တွေ့ကြုံရသော ညှဉ်းပမ်းနှိပ်စက်ခြင်း၊ အတိဒုက္ခရောက်ခြင်းများ၌ အကျိုးဝင်သွားပါသည်။ အဘယ်ကြောင့်ဆိုသော် အတွင်းစိတ်ငြိမ်းချမ်းခြင်းမရှိခဲ့ပါလျှင် ခံနိုင်ရည် ရှိမည်မဟုတ်ပေ။ အပြော ကျယ်သောပင်လယ်ကြီးသည် နက်ရှိုင်းလှသောကြောင့် ရေမျက်နှာပြင်ပေါ်၌ လှိုင်းလုံးထကြွရိုက်ခတ်နေသော်လည်း ရေမျက်နှာပြင်၏ အောက်၌ မူတည်ငြိမ်လျှက်ရှိသည်။ ဤငြိမ်းချမ်းရေးသည် အဘယ်သူမျှ မနှောက်ယှက်နိုင်သော ငြိမ်းချမ်းရေး လက်ဆောင်မွန်ဖြစ်သည်။

ယေရှုသခင်နှင့် ဆက်ဆံရေးပြေပြစ်ခြင်းသည် ဤတည်ငြိမ်သော အတွေ့အကြုံကို ခံစားရသည်။ ထိုငြိမ်းချမ်းခြင်းသည် မည်သည့် အခက်အခဲ၊ မည်သည့် အတိဒုက္ခများ ရောက်စေကာမူ ပျောက်ပျက်သွားမည် မဟုတ်ပေ။ ယေရှု သခင်နှင့် ပေါင်းစပ်ရှင်သန်သော်လည်း အတိ ဒုက္ခ၊ စုံစမ်းမှုများနှင့် မလွှဲမရှောင်နိုင်ပေ။ ဤလမ်းစဉ်သည် ဒုက္ခကြား၌ ရဟန္တာ သူတော်သူမြတ်များ နောက်ဆုံးအချိန်ထိ သစ္စာမပျက်၊ ငြိမ်းချမ်းခြင်းမမဲ့စေဘဲ အဘယ်သို့ ကျော်လွှား ဖြတ်သန်းရှင်သန်ခဲ့သည်ကို နားလည်နိုင်မည်ဖြစ်သည်။ ထို့ကြောင့်ပင် ရဟန္တာတို့သည် မိမိတို့အား ကြိုးပေး ကွပ်မျက်မည့် လူသတ်ကွင်းသို့ သွားရာတွင် မင်္ဂလာဆောင် ဧည့်သည် အဖြစ်သွားရောက် သကဲ့သို့ စိတ်အား တက်ကြွ နေခဲ့ကြခြင်း ဖြစ်သည်။

ဤယေရှုသခင် ပေးသောနက်ရှိုင်းလှသည့် ငြိမ်းချမ်းခြင်းကိုလူတို့ နည်းပညာဖြစ်မရယူနိုင်ပေ။ ဥပမာပြရသောဆရာဝန်ထံသွား၍ စိုးရိမ်စိတ်များကို မြစ်တားပေးသော ဆေးများဝယ်သောက် လိုက်သကဲ့သို့ မရပေ။ အဘယ်ကြောင့် ဆိုသော် ဤငြိမ်းချမ်းရေးသည် သန့်ရှင်းသော ဝိညာဉ်တော်မှကျွန်ုပ်တို့ထံသို့ ရောက်ရှိလာခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့ အတွက် အင်အားဖြစ်စေပါသည်။ ရဟန်းမင်းကြီးသည် သူသိခဲ့ကျွမ်းခင်မင်ခဲ့ရသော မိတ်ဆွေတစ်ဦးအကြောင်းကိုရှင်းပြပါသည်။ သူ၏မိတ်ဆွေသည် အလွန်အလုပ်ကြိုးစားသူဖြစ်သည်။ သို့သော် ရုတ်တရက်နေ ထိုင်မကောင်းဖြစ်လာပြီး၊ သူ ကြိုးစား လုပ်ဆောင်ခဲ့သောအ လုပ်များအားလုံးကိုရပ်လိုက်ရသည်။ သို့သော် သူသည်စိတ်ဓာတ်ကျခြင်း၊ စိတ် ဂနာမ ငြိမ်ဖြစ်ခြင်း များမခံစားရ။ တည်တည်ငြိမ်ငြိမ် ရှိပါသည်။ ဤသို့လက်ခံနိုင်ခြင်းသည် ခရစ်ယာန် စိတ်ဓာတ်ဖြစ်သည်။ ယေရှုသခင်ပေးသော ငြိမ်းချမ်းရေးကို ဆက်လက်ဆင့်ပွား သယ်ဆောင်ရန် သင်ကြား ပေးနေသည်။ စိတ်ရှည်သီးခံတတ်ရန် သင်ကြားသည်။ စိတ်ရှည်သီး ခံပါဟူသော စကားလုံးသည် ခရစ်ယာန်တို့၏လက်သုံး စကားဖြစ်ရမည်။ ခရစ်ယာန် မပီသပါက စိတ်ရှည်သီးခံခြင်းကို နားလည်နိုင်မည်မဟုတ်ပေ။ တစ်နည်းဆိုသော် ဒုက္ခကြား၌ တည်ငြိမ် စွာဖြင့်ရှေ့ဆက်လျှောက်လှမ်း ဖြတ်သန်း နိုင်ရမည်။ ထိုအချိန်မျိုးနှင့်ကြုံလာတိုင်း ဒေါနှင့်မောနှင့် ပေါက်ကွဲတုန့်ပြန် နေလျှင် ဘဝ၌တစ်ခုခု လွဲချော်နေပေပြီ။ စိတ်မဆိုးရန်၊ ခံစားချက်ကို ဖိနှိပ်ထားရန် မဆိုလိုပါ။ သို့သော် ဘဝ၏ အဆင်မပြေမှုများ၊ အဖုအထစ်များ၊ ခလုတ်ကန်သင်းများနှင့် ကြုံလာသော်လည်း ယေရှုသခင်ပေးခဲ့သော ငြိမ်းချမ်းရေး၌ရှင်သန်နေသူသည် အဘယ်သို့အကောင်းဆုံး ကိုင်တွယ်ဖြေရှင်းမည်၊ အဘယ်သို့အကောင်းဆုံးတုန့် ပြန်မည်ကို သိကြသည်ဟု ထောက်ရှု ဟောကြားသွားခဲ့ပါသည်။

ဖိုးစပ်စု



၂၀၁၉ ခုနှစ် မေလ ၁၅ ရက်နေ့တွင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် စိန်ပီတာရင်ပြင်တွင် လှည့်လည်ကာ လူထုပရိသတ်အား နှုတ်ဆက်စဉ် လစ်ဗျားနိုင်ငံမှ ရွှေ့ပြောင်းလာသော ကလေးငယ် ၈ ယောက်အား သူ၏ ကားငယ်လေး ပေါ်တွင် စီးနင်းခွင့်ပြုခဲ့သည်။

ဤသို့ဖြင့် ပုပ်ရဟန်းမင်းကြီးသည် ရွှေ့ပြောင်းအခြေချနေထိုင်သူများအား စာနာပေးရန် လက်တွေ့ပြသခြင်းဖြစ်သည်။ အရှေ့အလယ်ပိုင်းဒေသ စစ်ဖြစ်နေသည့် နိုင်ငံများမှ လူများစွာတို့သည် ဥရောပတိုက်သို့ထွက်ပြေးလာလျက်ရှိရာ ထိုသူများအား လက်ခံနေရာပေးရန် အခက်အခဲ များစွာနှင့်ရင်ဆိုင်နေကြရသည်။

# မာသာထရေဇား၏ ဘဝနှင့် ကျင့်စဉ်အတွက် ဘုရားသခင်အား ကျေးဇူးတင်လျက် ရဟန်းမင်းကြီး ဖရန်စစ် တောင်းလျှောက်

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် မာသာ ထရေဇား ၏ မွေးရပ်မြေ မက်ဆီဒိုးနီးယား သို့ ၂၀၁၉ ခုနှစ် မေလ ၇ ရက်နေ့၌ သွားရောက်လည်ပတ်ခဲ့သည်။ ဤသည်မှာ သမိုင်း တစ်လျှောက်တွင် သိုးထိန်း ခရီးစဉ် အ နေနှင့် ပုပ်ရဟန်းမင်းကြီးတစ်ပါး လာရောက်ခြင်း ပထမဆုံးအကြိမ် ဖြစ်သည်။

ရဟန်းမင်းကြီး ဖရန်စစ်သည် ထိုဒေသ၌ ၁၀ နာရီခန့်အ လည်အပတ်ပြုခဲ့ရာတွင် ရဟန္တာ မာသာ ထရေဇား အား ဂါရဝပြုရန်၊ အထိမ်းအမှတ်ရှိရာသို့သွားရောက်စဉ် အောက်ပါကဲ့သို့ ဆုတောင်းခဲ့သည်။

"ကောင်းမြတ်ခြင်းနှင့် ကရုဏာရှင် ဖြစ်တော်မူသော အဖဘုရားသခင်၊ မာသာ ထရေဇား၏ ဘဝနှင့်ကျင့်စဉ်ကို ကျွန်ုပ်တို့ အတွက် ပေးတော်မူသော ကြောင့် ကျေးဇူးတင်ပါသည်။

ကိုယ်တော်ရှင်၏ အဆုံးမရှိသောမြော်မြင်တော်မူခြင်းဖြင့် အိန္ဒိယနှင့် ကမ္ဘာတစ်ဝန်းရှိ အဆင်းရဲဆုံးသော လူသားများ အလယ် ကိုယ်တော်၏ ချစ်ခြင်း မေတ္တာတော်ကို သက်သေပြသစေရန် သူမအား ခေါ်တော်မူခဲ့ပေ သည်။

သူမသည် အလိုအပ်ဆုံးသော သူများ အတွက် အကောင်းဆုံးသော အရာများကို ပြုနိုင်ခဲ့သည်မှာ၊ သူတွေ့ဆုံရသော ထိုလူများ၌ ဘုရားသားတော်၏ မျက်နှာတော်ကို မြင်တွေ့ရသောကြောင့်ပင် ဖြစ်ပါသည်။

သန့်ရှင်းသော ဝိညာဉ်တော်အား ကျိုးနွံ နာခံခြင်းအားဖြင့် သူမသည် တရားမျှတမှုကို ဆာငတ်သူများ၊ ဆင်းရဲသားများ၏ တောင်းလျှောက် အော်ဟစ်သည့် အသံဖြစ်လာခဲ့သည်။ ရှင်ယောဟန်ဧဝံဂေလိကျမ်း ၁၉း၂၈ တွင် ကိုယ်တော်ကြွေး ကြော်ခဲ့သည့် ငါ ရေငတ်သည်ဟူသော နှုတ်တော်ထွက်စကားကို ဖွင့်ဆိုသကဲ့သို့ ဖြစ်၏။ မာသာ၏ ကရုဏာ လုပ်ဆောင်မှုများအားဖြင့် ကားတိုင် ပေါ်မှ ယေဇူး၏ ဆာငတ်မှုကို ပြေစေခဲ့ပေသည်။

အို ရဟန္တာ မာသာထရေဇား ဆင်းရဲသားတို့၏မိခင်၊ အသင်မွေးဖွားခဲ့၊ နေထိုင်ခဲ့သော ဤမြို့၊ ဤမြေဒေသအတွက် ဘုရားသခင်ထံ အထူး ဆုတောင်း ပေးပါရန် တောင်း ခံလိုပါသည်။ မာသာသည် ဤမြေဒေသတွင် ဆေးကြောခြင်းမင်္ဂလာ ခံယူခဲ့ကာ ယုံကြည်ခြင်းအတွက် နှုတ်ကပတ်တော်ကို မိသားစုနှင့် ယုံကြည်သူ အသိုင်းအဝိုင်းထံမှ စတင်ကြား နာခဲ့လေပြီ။ ဤနေရာမှပင် လိုအပ်မှုများနေသူ၊ ဆင်းရဲနွမ်းပါးသူ၊ အကူအညီမဲ့နေသူ တို့ကို စတင်မြင်တွေ့ခဲ့လေပြီ။ ထိုသို့ အလိုအပ်ဆုံးသူများကို ကူညီဖေးမတတ်ရန် မိဘများထံမှ သင်ယူခဲ့လေပြီ။ ဤနေရာမှပင် သီလရှင်ဘဝဖြင့် သာသနာပြုရန် ခရစ်တော်၏ ခေါ်သံကို ကြားခဲ့လေပြီ။

သို့ဖြစ်၍ ဤနေရာမှ ကျွန်ုပ်တို့ တောင်းခံကြပါ၏။ ကျွန်ုပ်တို့သည်လည်း မျက်မောက်ခေတ်တွင် မတရားမှု ခံနေရသူ၊ ဖျားနာသူ၊ အပယ်ခံရသူ၊ ဆင်းရဲငတ်မွတ်သူများ၏ ငိုကြွေးသံများကို သတိပြု အာရုံစိုက်တတ်သည့် ကျေးဇူးတော် ကိုရရှိကြပါမည့် အကြောင်း သခင် ခရစ်တော်ထံသို့ တောင်းလျှောက်ပေးတော်မူပါ။

အကူအညီ လိုအပ်မှုများဖြင့် ကျွန်ုပ်တို့အား မော်ကြည့်နေကြသူတို့၏ မျက်လုံးများထဲတွင် ခရစ်တော်ကို မြင်တွေ့နိုင် စေရန်ငှင်း၊ လူတိုင်းအထဲတွင်ရှိသော ဘုရားသခင်ကို ချစ်မြတ်နိုး နိုင်ရန်ငှင်း၊ နေရပ်စွန့်ခွါရသူများ၊ ဒုက္ခဆင်းရဲနှင့်မတရားမှု ခံစားနေရသောသူတို့တွင် ခရစ်တော်ကို သတိထားမိစေရန်ငှင်း ဘုရားသခင်သည် ကျွန်ုပ်တို့အား ကျေးဇူးပေးသနား တော်မူပါစေ။ ယနေ့ကမ္ဘာတွင် ထိုသို့သော လူသားများအတွက် ချစ်ခြင်းနှင့် မျှော်လင့်ချက်၏ အမှတ်လက္ခဏာ အဖြစ် ကျွန်ုပ်တို့ကို ဘုရားရှင် အသုံးပြု တော်မူပါစေ။

ကျွန်ုပ်တို့၏ ချစ်ခြင်း မေတ္တာသည် နှုတ်နှင့်ပြောဆိုမှုမျှသာ မဟုတ်ဘဲ၊ စစ်မှန်စွာ လက်တွေ့ကျကျ ပြသနိုင်စေပါ။ သို့ဖြင့် အခြေအနေ အမျိုးမျိုး၌ အခက်ကြုံနေသော သူများထံသို့လည်း ယုံကြည်စိတ်ချနိုင်သည့် သက်သေကို ပြသကာ၊ သတင်းကောင်းကြေညာရန် ဝတ္တရားရှိသော ကက်သလစ်သာ သနာတော်အနေဖြင့် လူသားအားလုံး ကယ်တင်ခြင်း ရစေရန် ကျေးဇူးပေးတော်မူပါစေ။

ထို့အပြင် ဤဒေသ အသင်းတော်ကြီးနှင့် ခရစ်တော်၏ နောက်တော်လိုက် သိုးများ၊ သိုးထိန်းများ၊ အမှုတော် ဆောင်များသည်လည်း တရားမျှတခြင်း၊ ချစ်ခြင်း၊ သနားကရုဏာပြသခြင်း၊ ငြိမ်းချမ်းခြင်းနှင့် အစေခံခြင်းများ အားဖြင့် သက်သေခံ ဖော်ဆောင်နိုင် ကြစေရန် ရဟန္တာ မာသာထရေဇားမှ ဤမြို့နှင့် မြို့သူ/သားများအတွက် ဆုတောင်း ပေးပါ။ သို့ဖြင့် သူတစ်ပါးကို စေစားရန်မဟုတ်၊ အစေခံရန်၊ အများအား အသက်ပေးရန် ကြွလာ တော်မူသောခရစ်တော်၏ တပည့်စစ်များဖြစ်လာကြစေပါမည့်အကြောင်း ခရစ်တော်၏ နာမတော်မြတ်၌ ဆုတောင်းပါသည်။ အာမင်။

Ref: Zenit

ဘာသာပြန် - စစ္စတာဒဲနစ် ဂျာတောင် (SJA)



# ရဟန်းမင်းကြီးဖရန်စစ် မှ လူငယ်များအား စိတ်ကူးမျှော်မှန်းချက် ကြီးကြီးထားကြရန် တိုက်တွန်း

မာသာထရေဇား၏ မွေးရပ်မြေဖြစ်သော မြောက် မက်ဆီဒိုးနီးယားပြည်၊ စကုပ်ဂျေမြို့၌ ခရစ်ယာန်များ စည်းလုံး ညီညွတ်ရေးဆိုင်ရာ အစည်းအဝေးတွင် စုဝေးလျက်ရှိနေသော လူငယ်များအားပြောကြားလိုက်ခြင်းဖြစ်သည်။

"စိတ်ကူး မျှော်မှန်းချက် ကြီးလွန်းတယ်လို့ ဘယ်တော့မှ မရှိဘူးဆိုတာကျွန်ုပ်ပြောချင်တယ်။ လူကြီး၊ လူငယ်မဆို ရည်ရွယ် မျှော်မှန်းချက်ထားဖို့ စွမ်းရည်တွေ ပျောက်ဆုံးနေကြတာ အခုခေတ်ရဲ့ ပြသနာတစ်ခုပဲ။ မျှော်မှန်းချက် ကြီးကြီးလည်း မထားဘူး၊ သေးသေးလည်း မထားဘူး။ တစ်စုံတစ်ယောက်က၊ လူငယ်တစ်ယောက် က မျှော်မှန်းချက်၊ ရည်ရွယ်ချက်မထားဘူး၊ မရှိဘူးဆိုရင်၊ အဲဒီလွတ်နေတဲ့ စိတ်နေရာမှာ ညည်းညူမှုတွေ၊ မျှော်လင့်ချက် ကင်းမဲ့မှုတွေ အစားထိုးဝင်ချလာတော့ မှာပဲ။



မာသာထရေဇားကို ကြည့်ပါ။ သူမျှော်လင့်ချက်၊ မျှော်မှန်းချက်တွေ မရပ်မနား ထားခဲ့တယ်။ စိတ်ကူးမျှော်လင့်ချက်အကြီးကြီးတွေထားပြီး၊ ကြီးမားတဲ့ နည်းလမ်းတွေနဲ့ ကြီးမားတဲ့ ချစ်ခြင်းမေတ္တာကို ပြသခဲ့တယ်။ သူ့ရဲ့ မွေးရပ်ဒီမြေမှာ ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ပေမယ့် ဒီမြေမှာပဲ ရပ်တန့် မနေခဲ့ပါဘူး။

သူက ဘုရားသခင်ရဲ့ လက်တော်ထဲက အသုံးတော်ခံ စုတ်တံတစ်ချောင်း ဖြစ်ချင်ခဲ့တာပါ။ ဒီစိတ်ကူးမျှော်မှန်း ချက်အတိုင်း သူပုံဖော်ခဲ့တယ်။ သူအပ်နှံခဲ့တယ်၊ ယုံကြည်ခဲ့တယ်၊ ဒုက္ခတွေခံခဲ့ရတယ်။ ဒါပေမယ့် သူဘယ်တော့မှ အရှုံးမပေးခဲ့ဘူး။ အဲဒီအခါမှာ ဘုရားသခင်က တကယ်ပဲ မာသာ ထရေဇားဆိုတဲ့ ကညစ်တံနဲ့ အံ့မခန်း စာမျက်နှာများစွာ ရေးသွားတာကို တွေ့ကြရတယ်။

ကျွန်ုပ်တို့ရဲ့ စိတ်ကူး မျှော်မှန်းချက်များကို လက်လွှတ် ဆုံးရှုံးမခံဘဲ၊ ဘုရားသခင် ကျွန်ုပ်တို့ကိုပေးချင်တဲ့ အသစ်အသစ်သော အရာများကို အရယူကြပါစို့။ သင်ဟာဘဝမှာ မမျှော်လင့်ထားတဲ့အလှည့် အပြောင်းတွေ အများကြီးတော့ ကြုံတွေ့ရလိမ့်မယ်၊ ဒါပေမယ့် ဒါတွေကိုရင်ဆိုင်ဖို့နဲ့ ပိုကောင်းတဲ့ အခွင့်အရေးသဖွယ် ပြောင်းလဲဖန်တီးယူ ဖို့က ပိုပြီးအဓိကကျပါတယ်။ တစ်ဦးတစ်ယောက် ထဲနဲ့တော့ တွန်းလှန်နိုင်မှာ မဟုတ်ဘူး။

ဒီတော့ အတူတကွ ရည်မှန်းချက်ထားကြဖို့ကအရေးကြီးပြန်တယ်။ မင်းတို့ ဒီနေ့၊ ဒီနေရာမှာ ဘာအတားအဆီးမှမထားဘဲ အတူရှိနေကြတဲ့ပုံစံမျိုးပေါ့။ သူတစ်ပါးကို မဆန့်ကျင်ဘဲ အတူတကွ ရည်မှန်းချက်ထားကြပါ။ မိမိဘာသာ တစ်ဦးတစ်ယောက်ထဲဆိုရင် မရေရာမှုတွေ၊ မဖြည့်ဆည်းနိုင်မှုတွေ ကြုံရနိုင်တယ်။ ရည်မှန်းချက်၊ မျှော်မှန်းချက် ဆိုတာ စုပေါင်းဖော်ဆောင်ရတာမျိုးပါ။" ဟူ၍ အားပေးစကား ပြောကြားခဲ့သည်။

Ref: Zenit News

ဘာသာပြန် - စစ္စတာဒဲနစ်ဂျာတောင် (SJA)

OSC - CBCM

# ခရစ်တော်၏မယ်တော် မာရိယာ၏ မွေးနေ့အား National Holiday အဖြစ် ဖိလစ်ပိုင်နိုင်ငံ ဥပဒေပြုလွှတ်တော်မှ အတည်ပြုပြီးခြင်း

စက်တင်ဘာလ ၈ ရက်နေ့ကို ယေရှုးဘုရားရှင်၏ မယ်တော် မာရိယာရဲ့ မွေးနေ့အဖြစ် ကက်သလစ် အသင်းတော် အတွင်းမှာ ကျင်းပကြပါတယ်။ အဲဒီနေ့ကို မယ်တော်မာရိယာအား သဒ္ဒါကြည်ညိုလွန်းတဲ့ နိုင်ငံအချို့မှာတော့ တနိုင်ငံလုံးရဲ့ အားလပ်ရက်အဖြစ် သတ်မှတ်ကာ မယ်တော် မာရိယာအား ဂုဏ်ပြုတဲ့ ပွဲတွေကို ကျင်းပတတ်ကြပါတယ်။



အခု အာရှအတွင်း ကက်သလစ် ဘာသာဝင်အများဆုံး နေထိုင်တဲ့ ဖိလစ်ပိုင် နိုင်ငံမှာလည်း အဲဒီ စက်တင်ဘာ လ ၈ ရက်နေ့ ကို မယ်တော်မာရိယာအား ဂုဏ်ပြုတဲ့ အနေဖြင့် တနိုင်ငံလုံးဆိုင်ရာ အားလပ်ရက် အဖြစ် သတ်မှတ်ဖို့ ဥပဒေပြု လွှတ်တော်က အတည်ပြုလိုက်ပါပြီ။ နောက် ဆုံးအဆင့် အနေဖြင့် သမ္မတဒူတာတေးရဲ့ လက်မှတ်ထိုး အတည်ပြုကြေငြာပေးဖို့သာ လိုပါတော့တယ်။ သမ္မတကြီး လက်မှတ်ထိုး ပေးပြီးရင်တော့ ဒီလို မယ်တော်မာရိယာအား ဂုဏ်ပြုတဲ့ နိုင်ငံလုံးဆိုင်ရာ အားလပ်ရက် ဟာ ဒုတိယမြောက် မာရိယမ်းအားလပ်ရက် ဖြစ်လာပါလိမ့်မယ်။

၂၀၁၇ ခုနှစ်ကလည်း မယ်တော် မာရိယာအား ဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာလ (၈) ရက်နေ့၊ အပြစ်မဲ့သန္ဓေယူတော်မူသော သခင်မပွဲနေ့အား နိုင်ငံလုံးဆိုင်ရာ non-working holiday အဖြစ် ဥပဒေပြုကာ သမ္မတ ဒူတာတေး ကိုယ်တိုင် လက်မှတ်ထိုး ပေးခဲ့ပြီး တရားဝင် အားလပ်ရက်အဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။

အခုလို မာရိယမ်းအားလပ်ရက်ကို တရားဝင်သတ်မှတ်ပေးခြင်းအားဖြင့် ယေရှုးဘုရားရှင်၏ မယ်တော်မာရိအား သဒ္ဒါကြည်ညိုခြင်း အပြည့်အဝနဲ့ အကောင်းဆုံး ပေးနိုင် လာကြမယ်လို့ ဥပဒေပြု လွှတ်တော်အမတ် Rodolfo Farinasက UCAN news ကို ပြောပြလာပါတယ်။ တချိန်တည်းမှာ နိုင်ငံရေး သမားတွေ ကိုယ်တိုင် ဒီ မာရိယမ်းသဒ္ဒါ ကြည်ညိုခြင်းအားဖြင့် သူတို့ရဲ့ ဘဝအသက်တာမှာ စစ်မှန်တဲ့ (ခရစ်ယာန်) ဘာသာရေး အနှစ်သာရတွေကို ကျင့်ကြံလာနိုင်ဖို့ မျှော်လင့်ပါတယ်လို့လည်း စိန်ဘက်နက်ဒင်း အသင်းဂိုဏ်းဝင် သီလရှင်ကြီး Mary John Mananzan က သူမဆန္ဒကို ပြောဆို လာပါတယ်။ အလားတူပဲ ဖိလစ်ပိုင်နိုင်ငံ အတွင်းရှိ ခရစ်ယာန် ဘာသာဝင်များကလည်း အလားတူ မျှော်လင့် လျက်ရှိနေပါတယ်။

သို့သော်လည်း အနားယူသွားပြီးဖြစ်သော ဆရာတော်ကြီး Archbishop Fernando Capalla ကတော့ ဒီလို ကက်သလစ်ပွဲတော်သန့်သန့်ကို နိုင်ငံရေးမှာ ကစားလေသလားလို့ မေးခွန်းထုတ်ထားပါတယ်။

(aleteia.org မူရင်းသတင်းမှ ကောက်နုတ် ဖော်ပြသည်။)

ဒိုမီနီကန်ကိုရင်

# ပါကီစ္စတန်နိုင်ငံ တွင်ခရစ်ယာန်သင်္ချိုင်းများပင်ဖျက်ဆီးခံနေရ

ယေရှုးသခင်က လူတို့သည် ငါ့အတွက်ကြောင့်သင်တို့ကို စော်ကား ညှဉ်းဆဲပြီး၊ မဟုတ်မမှန်ဘဲအမျိုးမျိုးပြစ် တင်ရှုတ်ချကြသောအခါ သင်တို့သည် မင်္ဂလာရှိကြ၏ဟု မိန့်မြွက်ခဲ့ပါသည်။ (ရှင်မာတေဦး ၅း ၁၁) ထို့အတူ သင်တို့၏ ရန်သူကို ချစ်ကြလော့။ သင်တို့ကို နှိပ်စက် ညှဉ်းဆဲသော သူတို့ အတွက်ဆုတောင်းပေးကြလော့။ သို့မှသာ သင်တို့သည် ဆိုးသူနှင့် ကောင်းသူတို အပေါ်၌မိမိ၏ နေကို ထွက်စေတော်မူ၍ ဖြောင့် မတ်သူ၊ မဖြောင့်မတ်သူတို့ အပေါ်သို့ မိုးကို ရွာတော်မူသော၊ ကောင်း ကင်ဘုံ၌ ရှိတော်မူသည့်သင်တို့အဖ၏ သားသမီးများ ဖြစ်ကြလိမ့်မည်ဟု လည်းမိန် ့ကြားထား ပါသည်။ (ရှင်မာတေဦး ၆း၄၄-၄၅) ဖတ်ရှု ကြားနာရ၊ ထောက်ရှုရသည်မှာ လွယ်ကူလှ ပါသည်။ သို့သော် လက်တွေ့၌ကားအ တော်မလွယ်ကူလှပေ။



ပါကစ္စတန်နိုင်ငံ၌ ပြီးခဲ့သော ပါစကား တနင်္ဂနွေနေ့က အကြမ်းဖက်သူတို့ ၏ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ပါစကားပွဲ မစ္ဆတရား ပါဝင်ပူဇော် နေကြသောဘာသာ တူများအနက်မှ (၃၀၀) ရာကျော်သေဆုံးရ သည့် အဖြစ်နှင့်သတင်းသည် ယနေ့ထိ တိုင်တအုံ့အုံ့၊ တနွေးနွေးဖြစ်နေ၊ ပြောမဆုံး နိုင်သော အကြောင်းအရာတစ်ခုအဖြစ် ရှိနေဆဲဖြစ်ပါသည်။ ထိုသို့ရှိနေရန်၊ မမေ့ပျောက်နိုင်အောင်လည်း နောက်ဆက်တွဲ အနကြမ်းစီးသည့် လုပ်ရပ်များကို လူနည်းစု ခရစ်ယာန်များက ခါးစည်းခံနေကြရသည်။ ရန်သူကိုချစ်ရန် ကြိုးစားပါသည်။ သို့ သော် အချစ်ခံရသော သူတို့ဖက်က အချစ်ကိုခံယူ၍ တူညီသောတုန့်ပြန်မှုမဟုတ်သော်လည်း ယခင်ကဲ့သို့ အတူတကွယှဉ်တွဲနေထိုင်နိုင်သောအခြေအနေသို့ ပြန်လည်ဖော်ဆောင်ပေးကလည်း ကျေနပ်ခွင့်လွှတ်မေ့ပျောကနိုင်ပါဦးမည်။

ယခုကား ထိုသို့မဟုတ်။ ရာစုနှစ် တစ်ခုမျှ ကြာမြင့်ခဲ့ပြီဖြစ်သော သင်္ချိုင်းဂူ (၃၈)တွင် ထုလုပ် (စိုက်ထူ) ထားသော လက်ဝါးကပ်တိုင်များကို ထုခွဲခြင်း၊ ဖျက်ဆီးခြင်း၊ ရိုက်ချိုးခြင်းများပြုလုပ်၍မ ရှိမသေ ဖျက်ဆီးထားကြသည်။ ဤသို့ ဖြစ်သွားသော ပြည်နယ်မှာ လူသိများ ကျော်ကြားလှသော ပါကစ္စတန်နိုင်ငံ၊ Punjab ပြည်နယ်၊ Okara မြို့တွင်ဖြစ်ပွားခဲ့သည်။ သင်္ချိုင်းသည် ခြောက်ကေမျှ ကျယ်ဝန်းပြီး၊ ခရိုင်မြို့ဖြစ်သော လာဟိုနှင့်( ၇၀) ကီလိုမီတာခန့်မျှဝေးသည်။ သင်္ချိုင်းများ ဖျက်ဆီးထားကြောင်းကို မေ (၁၂) နေ့ မှသိရှိခဲ့ရကြောင်း၊ ထိုနေ့သည် တနင်္ဂနွေနေ့ဖြစ်၍ မစ္ဆားတရား သွားရောက် မပူဇော်မည် သင်္ချိုင်းသို့ သွားရောက်ခဲ့ရာ ထိုသို့ ဖျက်ဆီးထားသည်ကို မြင်တွေခဲ့ရကြောင်း၊ ဂူသင်္ချိုင်းပေါ်တွင် ထွင်းထု ပြုလုပ်ထားသော လက်ဝါးကပ်တိုင်များသည် ကျောက်၊ အုတ်၊ သစ်သား များဖြင့် ပြုလုပ်ထားခြင်းဖြစ်ကြောင်း၊ ဤလုပ်ရပ်သည် ဤဒေသ၌ရှိသော လူနည်းစု ဘာသာဝင်များကို မုန်းတီးသောစိတ်ဖြင့်ပြုလုပ်ခြင်းဖြစ်သည်ဟု ယုံကြည်ကြောင်း၊ ဤကဲ့သို့ ဘာသာရေးအမုန်းပွားသည့် လုပ်ရပ်မျိုး ဖြစ်ပွားသည်မှာ ဤရွာနီးချုပ်စပ်၌ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း၊ ယခင်က မဖြစ်ပွားခဲ့ဖူးကြောင်း၊ ထို့ကြောင့် လူနည်းစုခရစ်ယာန်များအတွက် စိုးရိမ်စရာ အခြေအနေ ဖြစ်ရကြောင်းဖြင့် စိန်အန်ထော်နီ သာသနာ အုပ်စု၏ဓမ္မဆရာ Samson Masih ကပြောပြပါသည်။

စိတ်မူမမှန်သောသူတို့၏ လုပ်ရပ်ကြောင့်အလွန် စိတ်မကောင်းဖြစ်ရကြောင်း၊ ခါရာချီဂိုဏ်းချုပ်သာသနာ၏ ငြိမ်းချမ်းရေးနှင့်တရား မျှတရေးကော်မရှင် တာဝန်ခံဖာသာရ် Saleh Diego ကပြောကြားခဲ့ပါသည်။ ထို့အတူ စိန်အန်ထော်နီ သာသနာ အုပ်စု၏ကျောင်းထိုင်ဖာသာရ် James Bahadur ကလည်း ယခုလုပ်ရပ်၏တရားခံကို ဖော်ထုတ်ဖမ်းဆီး၍ တ ရားဥဒေအတိုင်းအပြစ်ဒဏ်စီရင်ပေးရန် အစိုးရကိုတောင်းဆိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဘာသာတူများ၏ စိတ်ထဲ၌ ယုံကြည်ချက်နှင့် နွယ်သော စိတ်ဒဏ်ရာများ ရရှိသွားပြီဖြစ်ကြောင်း၊ ခရစ်ယာန်များသည် ယခုအခါ ကြီးလန့်စာစား နေကြရ၊ မိမိတို့ အသက်ကို ဖက်နှင့်ထုပ်ထား ရသကဲ့သို့ ဖြစ်နေကြသည်ဟု ပြောပါသည်။ လက်ရှိ၌ ဤပြစ်မှုကိုကျူးလွန်သော အမည်မသိ၊ လူမသိသူကို ရဲကတရားလိုအဖြစ် ပြစ်မှု (၂၉၇) စွဲဆိုထားကြောင်းနှင့် တရားခံကိုအမြန်ဆုံး ဖော်ထုတ်နိုင်ရန်လည်း အထူးကြပ်မတ်လုပ်ဆောင်နေကြောင်းဖြင့် ucanews သတင်းဌာနကိုပြောကြားခဲ့ပါသည်။

ဖိုးစပ်စု

# ကောင်းသောသိုးထိန်း တနင်္ဂနွေနေ့၌ ဘုရားကျောင်း တစ်ကျောင်းတွင် သေနတ်ပစ်ခတ်မှုကြောင့် မဿားပူဇော်နေ သောဘုန်းတော်ကြီး နှင့်ဘာသာတူ (၅) ဦး သေဆုံးခဲ့



၂၀၁၉ မေလ ၂၀ ရက်နေ့ သည် ကမ္ဘာတစ်ဝှမ်းရှိ ကက်သလစ် ဘာသာဝင်များသည် ကောင်းသောသိုးထိန်း တနင်္ဂနွေနေ့ကို ကျင်းပကြသည်။ ကောင်းသောသိုးထိန်း၏ပုံရိပ်သည် ဓမ္မဟောင်း၊ဓမ္မသစ်ကျမ်းနှစ်ပိုင်းလုံးတွင် အလွန်လွှမ်းမိုးထားသောပုံရိပ်ဖြစ်သည်။ ထို့အတူ ကက်သလစ်သာသနာ၏ဝတ်ပြုခြင်းဆိုင်ရာ အမှတ်သင်္ကေတများတွင်လည်း ထဲထဲဝင် ဝင်ရေးဆွဲအသုံးပြုလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် ယေရှုး သခင်ကိုယ်တော်တိုင် ငါသည် ကောင်းသောသိုးထိန်း ဖြစ်သည်ဟု မိန့်မြွတ်ချက် ရှိသောကြောင့်ဖြစ်သည်။

တနင်္ဂနွေနေ့သည် ဘာသာတရားကိုင်းရှိုင်းသော ခရစ်ယာန်များ အတွက် ဘုရားကျောင်းကန်တက်ရောက်၍ မိမိတို့ဘာသာရေး ဝတ္တရားတစ်ပါးကို ဖြည့်စွက်လေ့ရှိကြသည်။ ထို့အတူ အာဖရိကအနောက်ပိုင်းရှိ Burkina Faso နိုင်ငံ၊ Dablo မြို့တွင် တနင်္ဂနွေနေ့ မဿားတရား ပူဇော်ခြင်း၌ပါဝင်နေကြသော လူအုပ်ထဲသို့ သေနတ်သမား အယောက် (၂၀ မှ ၃၀) တို့သည် ရောက်လာ၍ သေနတ်ကို ဘုရားဝတ်ပြုရှိခိုးနေသော လူထုဆီသို့ ဦးတည်ပစ်ခတ်ပါတော့သည်။ ထိုသို့ပစ်ခတ်သောကြောင့် မဿားတရားပူဇော်နေသော ရဟန်းအပါအဝင် (၆) ဦး သေဆုံးသွားခဲ့သည်။ မှတ်တမ်းအရ ယခုကဲ့ သို့ al Qaeda၊ ISIS အစွန်းရောက် မွတ်စလင်တို့၏ အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်သည် (၂၀၁၇) ခုနှစ်၌ (၂၉) ကြိမ်မှသည် (၂၀၁၈) သို့ အရောက်တွင် (၁၃၇) ကြိမ်အထိ တိုးလာခဲ့သည်။ သေနတ်သမားတို့သည် ဘုရားကျောင်း၊ ဆိုင်များ၊ စားသောက်ဆိုင်များ၊ အနီးအနားရှိ အရေးကြီးသော အဆောက်အဦးများ၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ အရက်ချက် စက်ရုံတစ်ခုကို လည်းမီးရှို့ဖျက်ဆီးသွားပါသည်။ အခြားကျန်ရှိသောအဆောက်အဦးများကိုလည်းမီးတင်ရှို့မည်ကို စိုးရိမ်နေကြကြောင်းဖြင့် မြို့တော်ဝန်က ပြောပါသည်။

ကျည်ဆံထိမှန်၍ပျံလွန်သွားသော ဘုန်းတော်ကြီးမှာ စီမွန်ယမ်းပါ (Simon Yanmpa) ဖြစ်သည်။ ပြီးခဲ့သော ဧပြီလကလည်း Dori နှင့် Silgadji ၌ဘုရားကျောင်းကိုသေနတ် သမားများဝင်ရောက် ပစ်ခတ်မှုဖြစ်ပွားပြီး၊ အသေအပျောက်လည်း ရှိခဲ့ပါသည်။ ထိုသို့ သတ်ဖျက် သွားခဲ့သော်လည်း မည်သည့် အဖွဲ့အစည်းမှ လုပ်သည်ကို ယနေ့ထိတိုင် ထုတ်ဖော်ပြောကြားခြင်းလည်းမရှိပေ။ Dablo တွင်ဖြစ်ပွားသည့် အဖြစ်အပျက်သည် ပြန်ပေးဆွဲခံထားရသူ ပြင်သစ်နိုင်ငံသားနှစ်ဦး၊ ကိုးရီးယားနိုင်ငံသားတစ်ဦးနှင့် အမေရိကန်သား တစ်ဦးတို့ကို အထူးလေ့ကျင့်ထားသော စစ်တပ်မှ လာရောက် ကယ်ထုတ်အပြီး၊ နှစ်အရက်အကြာတွင်ဖြစ်ပျက်ခြင်းဖြစ်သည်။ ထိုကယ်ဆယ်ရေးအတွင်း အထူးလေ့ကျင့် ထားသော ပြင်သစ်စစ်သားနှစ်ဦးကျဆုံးခဲ့သည်။

ယခုတိုက်ခိုက်မှုသည် သေဆုံးသွားသော မိသားစုဝင်များကိုသာ ဝမ်းနည်းစေ၊ တုန်လှုပ်ခြောက်ခြားစေခြင်း မဟုတ်ဘဲ နိုင်ငံသားများကိုလည်း ထိတ်လန့် ခြိမ်းခြောက်နေ သည်ဟု မြို့တော်ဝန် Ousmane Zongo ကသတင်းဌာနသို့ ဖြေကြားခဲ့ပါသည်။ ဘူကီ နာဖာဆိုသည် နီဂျယ်၊ ချက်ဒ်၊ မာလီနိုင်ငံများနှင့် ကုန်းမြေချင်းထိစပ်နေသည်။ တစ်ချိန်ကပြင်သစ်၏ကိုလိုနီနယ်ဖြစ်ခဲ့သောကြောင့် ပြင်သစ်အစိုးရက စစ်သားအင်အား (၄၀၀၀) ကိုစေလွှတ်ပေးထားသကဲ့သို့ အမေရိကန်အစိုးရကလည်း အစွန်းရောက်အကြမ်းဖက်တို့၏ ရန်ကိုကာကွယ်နိမ်နင်းရန် အင်အားများ၊ စစ်ရေးအကူအညီများလည်းပေးပို့ထားပါသည်။

(CNN, France 24, RFI, Reuters)

ဖိုးစပ်စု

# နိုင်ငံတကာ ဂရုဏာ အသင်းကြီး၏ အထွေထွေ ညီလာခံ






နိုင်ငံတကာ ဂရုဏာ အသင်းကြီး (Caritas Internationalis) ၏ အထွေထွေညီလာခံကို လေးနှစ် တစ်ကြိမ် ပြုလုပ်လေ့ရှိပါသည်။ ၂၀၁၉ ခုနှစ်တွင် ကျရောက်သော ၂၁ ကြိမ် မြောက် အထွေထွေညီလာခံကို အီတလီနိုင်ငံ ရောမမြို့တွင် မေလ ၂၃ မှ ၂၈ ရက်အထိ ကျင်းပပါသည်။

အထွေထွေညီလာခံကို လေးနှစ်တစ်ကြိမ်ပြုလုပ်ပြီး အသင်း၏ တိုးတက်မှုများ နှင့် လုပ်ထုံး လုပ်နည်းများကို ပြန်လည်သုံးသပ်ရန်၊ အလုပ်အမှုဆောင်များကို ပြန်လည် ရွေးချယ် ခန့်အပ်ရန် နှင့် ရှေ့ဆက်လုပ်ဆောင်မည့် အရာများကို စိစစ် ဆုံးဖြတ်ရန် ဖြစ်သည်။

ယခုနှစ်တွင် ပြုလုပ်သည့် အထွေထွေညီလာခံ၏ ခေါင်းစီးမှာ (တစ်ခုတည်းသော လူသား မိသားစု၊ တစ်ခု တည်းသော အများပိုင်အိမ်) “One Human Family, One Common Home” ဖြစ်သည်။ ဂရုဏာအသင်းကြီး အနေနှင့် ပုပ်ရဟန်းမင်းကြီးဖရန်စစ်၏ နှိုးဆော်ချက် "ဆင်းရဲသားများ၏ အော်ဟစ်သံနှင့် ကမ္ဘာမြေကြီး၏ ငိုကြွေးသံများကို နားထောင်ကြပါ" ကို နာယူကာ နီးစပ်သူများအား ကူညီရန်နှင့် သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်း စောင့်ရှောက်ရန်ဖြစ်သည်။

အထွေထွေ ညီလာခံကြီးမှ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၏ ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် အန်တိုနီတာ့ဂလေးအား ဥက္ကဌ အဖြစ် ပြန်လည် ခန့်အပ်ခဲ့သည်။ အထွေထွေ အတွင်းရေးမှူး အဖြစ် အလွိုက်ရှစ်ဂျွန်အား ခန့်အပ်ခဲ့သည်။ အထွေထွေ အတွင်းရေးမှူးသည် လာမည့် လေးနှစ်တာအတွက် လိုအပ်သော လမ်းညွှန်ချက်များ၊ အသင်း၏ လုပ်ငန်းများအတွက် မဟာဗျူဟာ ရေးဆွဲခြင်းများကို ပြုလုပ်ရမည်။

ယခုညီလာခံ၏ ထူးခြားချက်မှာ အမျိုးသမီး နှင့် လူငယ် ဖိုရမ်ကိုလည်း ပြုလုပ်ပေး ခဲ့သည်။ ဤသို့ဖြင့် အသင်း၏ လုပ်ငန်းများထဲတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်နိုင်ရေးနှင့် မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ရေးတို့တွက် စီမံကိန်း ရေးဆွဲနိုင်ခဲ့သည်။

အထွေထွေညီလာခံသို့ ဂရုဏာအသင်းသူ အသင်းသား ၄၅၀ တက်ရောက်ခဲ့သည်။ ပုပ်ရဟန်းမင်းကြီးသည် အသင်းဝင်များအား သီခြား လက်ခံတွေ့ဆုံခဲ့ပြီး စိန်ပီတာ ဗိမာန်တော်ကြီးထဲတွင် မဿားတရားတော်မြတ်ကို ပူဇော်ပေးခဲ့သည်။

ပုပ်ရဟန်းမင်းကြီးက ဂရုဏာ လုပ်ငန်းများ လုပ်ဆောင်ရာတွင် လုပ်ငန်းသဘော ဖြင့်သာ လုပ်ဆောင်ခြင်း၊ မိမိ၏ ဩတ္တပ္ပစိတ်ကို သက်သာစေရန်သာ လုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ ချစ်ခြင်းမေတ္တာဆိုသည်မှာ ခရစ်တော်အား တွေ့မြင်ခြင်း ဖြစ်သည်ဟု မိန့်မှာခဲ့သည်။

ညီလာခံ အဆုံးတွင် အသင်းဝင်များအနေနှင့် ကမ္ဘာမြေပေါ်တွင် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၊ တရားမျှတခြင်း နှင့် ငြိမ်းချမ်းခြင်းတို့ လွှမ်းမိုးစေရန် ကြိုးစားလုပ်ဆောင်ကြမည်ဟု သန္နိဋ္ဌာန် ချခဲ့ကြသည်။

CBCM - OSC

# ဘာသာရေးသည် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူ ပြုနိုင် ဟု ကာဒီနယ် ချားလ်စ်ဘို ပြောကြား



မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေး (ငြိမ်းချမ်းမေတ္တာ) အဖွဲ့၏ ဒုတိယအကြိမ် အကြံပြုဆွေးနွေးပိုင်းကို ၂၀၁၉ ခုနှစ် မေလ ၇ ရက်နှင့် ၈ ရက် နေ့များတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့သည်။

ယင်းဆွေးနွေးပိုင်းသို့ ဘာသာပေါင်းပေါင်းစုံမှ ခေါင်းဆောင်များ၊ အစိုးရကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ သံတမန်များ၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၂၀၀ ခန့် တက်ရောက် ပါဝင်ခဲ့ကြသည်။

ပထမအကြိမ် အကြံပြု ဆွေးနွေးပိုင်းကို ၂၀၁၈ ခုနှစ် မေလတွင် ပြုလုပ်ခဲ့ပြီး ယခု ကျင်းပခြင်းသည် ဒုတိယ အကြိမ် ဖြစ်သည်။ ကာဒီနယ် ချားလ်စ်ဘိုသည် ငြိမ်းချမ်းမေတ္တာ အဖွဲ့၏ နာယက ဖြစ်သကဲ့သို့ ၎င်းဆွေးနွေးပိုင်းများ ဖြစ်မြောက်ရေးတွင်လည်း အဓိက နေရာမှ ပါဝင်လုပ်ဆောင်သူ ဖြစ်သည်။

ကာဒီနယ် ချားလ်စ်ဘိုက "ကျွန်ုပ်တို့ တစ်ဦးနှင့်တစ်ဦး စစ်ဖြစ်ခြင်း၊ ညီအစ်ကိုမောင်နှမ အချင်းချင်း သတ်ဖြတ်နေတာက ဘယ်သူ့အတွက်မှ၊ ဘာအတွက်မှ အကျိုး




မရှိပါဘူး" ဟု မေလ ၇ ရက်နေ့က ယူကန်သတင်းဌာနနှင့် မေးမြန်းခန်းတွင် ပြောကြားခဲ့သည်။ "ပဋိပက္ခဖြစ်နေတဲ့ ဒေသတွေမှာ မွေးဖွါး ကြီးပြင်းလာသူတွေက သူတို့ဟာ ငြိမ်းချမ်းရေးဆိုတဲ့ အရသာကို မခံစားလိုက်ရမှာကို စိုးရိမ်နေကြတယ်။ ဒီဆွေးနွေးပိုင်းမှာ ပါဝင်ကြတဲ့ ကျွန်ုပ်တို့ဟာ ငြိမ်းချမ်းရေးလမ်းစဉ်ကို လိုက်ချင်ကြတယ်။" ဟု ထပ်ဆင့် ပြောပြခဲ့သည်။

ငြိမ်းချမ်းမေတ္တာအဖွဲ့သည် အကြံဆွေးနွေးပိုင်းဖြင့် အပြောသက်သက် မဟုတ်ဘဲ ပဋိပက္ခဒေသများတွင်းရှိ လူများအား လက်တွေ့ကူညီမှုများလည်း လုပ်ဆောင်လျက်ရှိကြောင်း၊ အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်းများလည်း ဖွင့်လှစ်ပေးထားသည်ဟု သိရသည်။

အကြံပြုဆွေးနွေးပိုင်း ဒုတိယနေ့တွင် ပထမနေ့က အစုအဖွဲ့များမှ ကဏ္ဍအလိုက် ဆွေးနွေးထားသည့် ပညာရေးကဏ္ဍ အကြံပြုချက်များနှင့် စပ်လျဉ်း၍ ရန်ကုန် ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါ်အေးအေးမြင့်က လည်းကောင်း၊ လူမျိုးစုများနှင့် လူနည်းစုများအတွက် ညီမျှသော အခွင့်အရေးများနှင့် တာဝန် ဝတ္တရားများကဏ္ဍ အကြံပြုချက်များနှင့် စပ်လျဉ်း၍ ငြိမ်းချမ်းမေတ္တာအဖွဲ့မှ ဒေါ်အန်ဂျလာသောင်းကလည်းကောင်း၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် ပါဝင်ဆောင်ရွက်မှုကဏ္ဍ အကြံပြုချက်များနှင့် စပ်လျဉ်း၍ ငြိမ်းချမ်းမေတ္တာအဖွဲ့မှ ဒေါ်စန်းစန်းမြင့်က လည်းကောင်း၊ လူငယ်များနှင့် ထိတွေ့ဆက်ဆံရေးနှင့် ကလေးသူငယ်များ ကာကွယ် စောင့်ရှောက်ရေးကဏ္ဍ အကြံပြုချက်များနှင့် စပ်လျဉ်း၍ ငြိမ်းချမ်းမေတ္တာအဖွဲ့မှ ဆရာရှမွေလက လည်းကောင်း၊ ရခိုင်ပြည်နယ်ရှိ ကိုယ်ပိုင်ဝိသေသ လက္ခဏာ၊ မတူကွဲပြားမှုနှင့် ဘုံစိန်ခေါ်မှုများကဏ္ဍ အကြံပြုချက်များနှင့် စပ်လျဉ်း၍ ငြိမ်းချမ်းမေတ္တာအဖွဲ့ Core Member ဦးအေးလွင်က လည်းကောင်း ပြန်လည်ဆွေးနွေးကြပြီး တက်ရောက် လာကြသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဂျပန်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအဖွဲ့ Co-Moderator Rev. Kosho Niwano ၊ အင်ဒိုနီးရှားနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအဖွဲ့ Moderator Prof. Dr .Din Syamsuddin တို့က အကြံပြု ဆွေးနွေးပိုင်းမှ ဆွေးနွေးချက်များအပေါ် ၎င်းတို့၏ အမြင်များအား ဆွေးနွေးကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ထွန်းကားရန်အတွက် ဒုတိယအကြိမ် ဘာသာပေါင်းစုံဆွေးနွေးပွဲမှ အစုအဖွဲ့အလိုက် ဆွေးနွေးမှုများ၏ ရလဒ်များအား လက်တွေ့ အကောင်အထည်ဖော်မှုများကို စဉ်ဆက်မပြတ် သတ်မှတ်အချိန်အတိုင်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ငြိမ်းချမ်းမေတ္တာအဖွဲ့နာယက ကာဒီနယ်ချားလ်ဘို၊ ငြိမ်းချမ်းမေတ္တာအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းမေတ္တာအဖွဲ့ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ ဘီရှော့ဂွန်နာစတော့ ဆက်တို့က နိဂုံးချုပ်အမှာစကား ပြောကြားကြပြီး ဒုတိယအကြိမ် အကြံပြု ဆွေးနွေးပိုင်း အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယခုဒုတိယအကြိမ် အကြံပြုဆွေးနွေးပိုင်း၌ ပညာရေးကဏ္ဍတွင် အကြံပြုချက် (၅)ချက်၊ လူမျိုးစုများနှင့် လူနည်းစုများ အတွက် ညီမျှသော အခွင့်အရေးများနှင့် တာဝန် ဝတ္တရားများကဏ္ဍ အကြံပြုချက်(၅)ချက်၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် ပါဝင်ဆောင်ရွက်မှုကဏ္ဍ အကြံပြုချက် (၁၁)ချက်၊ လူငယ်များနှင့် ထိတွေ့ ဆက်ဆံရေးနှင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍအကြံပြုချက် (၇)ချက်၊ ရခိုင်ပြည်နယ်ရှိ ကိုယ်ပိုင်ဝိသေသလက္ခဏာ၊ မတူကွဲပြားမှုနှင့် ဘုံစိန်ခေါ်မှုများကဏ္ဍ အကြံပြုချက် (၇)ချက်ရရှိခဲ့ပြီး ယင်းအကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများထံ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပိုင်း ဒုတိယနေ့သို့ ပြင်ဦးလွင်မြို့ အာရှအလင်းရောင် ကျောင်းတိုက် ဆရာတော် ဦးစိန္တိတနှင့် ဆရာတော်များ ကြွရောက်တော်မူကြပြီး၊ မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းမေတ္တာအဖွဲ့ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ၊ ငြိမ်းချမ်းမေတ္တာအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များ ငြိမ်းချမ်းမေတ္တာအဖွဲ့ ဘာသာပေါင်းစုံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

Ref: Ucanews & MOI Webportal

CBCM - OSC



# စိန့် ဂျွန်မေရီ ဗီအားနေ ရဟန်းဖြစ်တက္ကသိုလ်၏ (၂၀၁၉-၂၀၂၀) ကျောင်းတော်ကြီးပြန်လည်ဖွင့်လှစ်

မြန်မာနိုင်ငံတွင် အမိကက်သလစ်သာသနာတော်မှ တရားဝင် ဖွင့်လှစ်၍ကက်သလစ်ရဟန်း ဖြစ်လိုသော ရဟန်းလောင်းကိုရင်များ ကိုပညာရေး၊ လူမှုရေး၊ ဝိညာဉ်ရေး၊ တမန်တော်လုပ်ငန်းရေးရာက ဏ္ဍများ၌ပြုပြင်ပျိုးထောင် ပေးနေသော ရဟန်းဖြစ်တက္ကသိုလ် (၄) ခုရှိပါသည်။

ထို (၄) ခုမှာ ပြင်ဦးလွင်၌ဖွင့်လှစ်ထားသော စိန့်ဂျိုးဇက် ဒဿနိ ကဗေဒဌာန၊ တောင်ကြီးတွင်ဖွင့်လှစ်ထားသော စိန့်မိုက်ကယ် ဝိညာဉ်ရေးရာ စမ်းစစ်ပြင်ဆင်သည့်ဌာန၊ ရန်ကုန်တွင်ဖွင့်လှစ်ထားသော စိန့်ဂျိုးဇက် ဓမ္မသဂြိုလ်ဗေဒဌာန (သီဩလိုဂျီ)၊ လှိုင်ကော်တွင် ဖွင့်လှစ်ထားသော စိန့်ဂျွန်မေရီဗီအားနေ ဓမ္မသဂြိုလ်ဗေဒဌာနတို့ဖြစ်ကြပါသည်။

ကျောင်းတော်ကြီးများသည် တည်ရှိသော နေရာဒေသ ဘာသာမတူသော်လည်း ကျောင်းဖွင့်၊ ကျောင်းပိတ်သည့်နေ့စွဲများမှာ အတူတူပင်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာတော်ကြီးများအဖွဲ့ချုပ် (စီဘီစီအမ်)၏ဆုံးဖြတ်ချက်ကိုခံယူလျှက်ရှိသည်။

ထို့ကြောင့် ကျောင်းတော်ကြီးများအား နှစ်စဉ် မေလ (၁၆) ရက်နေ့၌ဖွင့်လှစ်ပြီး၊ နှစ်စဉ် မတ်လ (၁၆) ရက်နေ့တွင် နှစ်လတာ နွေကျောင်းပိတ်ရက်ကို တပြိုင်တည်း ပိတ်လေ့ရှိသည်။ နွေကျောင်းပိတ်ရက်ဟု အလွယ်တကူ ခေါ်သော်လည်း ကျောင်းတော်ကြီး ပိတ်ရသည့် အဓိကရည်ရွယ်ချက်မှာ ရဟန်းလောင်း ကိုရင်များသည် တစ်နှစ်တာအတွင်း (၁၂)လ ရှိသည့်အနက် (၉) လတာကျောင်းတော်ကြီး၏ဝင်းအတွင်း၌သီတင်းသုံးနေကြရသည်။

ထို့ကြောင့် အမိကက်သလစ် သာသနာတော်၏ အရေးကြီးသော ဘာသာရေးဝတ်ပြုခြင်းအချိန်ကာလနှင့်လည်း ကိုက်ညီစွာ ခရစ္စမတ်ကာလနှင့် ပါးစကာလများတွင် မိမိတို့မိခင်သာသနာအသီးသီးသို့ ပြန်လည် စေလွှတ်၍ တမန်တော်လုပ်ငန်းအတွေ့အကြုံများကိုလက်တွေ့သင်ယူစေပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ ရဟန်းဖြစ်တက္ကသိုလ် (၄) ခုအနက် တောင်ကြီးတွင် ဖွင့်လှစ်ထားသော ကျောင်းမှလွဲ၍ ကျန်သုံးကျောင်းသည် မေလ (၁၆) ရက်နေ့တွင် ရဟန်းလောင်း ကိုရင်များ ပြန်လည်ရောက်ရှိလာခဲ့ခြင်းကြောင့်၊ နှစ်လတာတိတိ တိတ်ဆိတ်၍ အထီးကျန် အသက်မဲ့နေခဲ့ရာမှ ပြန်လည် အသက်ဝင်လာခဲ့ပြီ ဖြစ်သည်။ စာရေးသူတို့၏ ကျောင်းတော်ကြီးသည်လည်း လှုပ်လှုပ်ရှားရှား ရှိနေပြီ ဖြစ်သည်။ ဓမ္မသီချင်းသံ၊ ပုံမှန်ဘုရားဝတ်ပြုခြင်းများဖြင့် ကျောင်းတော်ကြီး၏ ကြီးမားသောတိတ်ဆိတ်မှုကို အားနှင့် အင်နှင့် ဖြိုခွင်းလိုက်ပြီဖြစ်သည်။




ယခုနှစ်သည် အားအင် ပို၍ပြင်းထန်လာပါသည်။ အဘယ်ကြောင့်ဆိုသော် ယခင်နှစ်က စာရေးသူတို့ ကျောင်းတော်ကြီးတွင် ဒုတိယနှစ်အထိသာရှိခဲ့ပြီး၊ ယခုနှစ်၌ နောက်တစ်နှစ် ထပ်တိုးလာရာ ပထမနှစ်မှ သည်တတိယနှစ်အထိရှိလာပြီဖြစ်ပါသည်။

ဖိုးစပ်စု

---

မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် ရဟန်းဖြစ်တက္ကသိုလ် (သီအော်လော်ဂျီဌာန) ရန်ကုန် ၏ ၂၀၁၉-၂၀၂၀ စာသင်နှစ် အား မေလ ၁၆ ရက် နေ့တွင်စတင်ဖွင့်လှစ်ခဲ့ပြီး စာင်သင်သားကိုရင်များ၏ အရေအတွက်မှာ အောက်ပါအတိုင်းဖြစ်သည်။

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ပထမနှစ် | ၁၉ | ရန်ကုန် | ၉ | မော်လမြိုင် | ၁ | လားရှိုး | ၁၁ | တောင်ငူ | ၂ | La Sallet | ၃ | | | | |
| ဒုတိယနှစ် | ၂၂ | ပုသိမ် | ၁၂ | မန္တလေး | ၁၀ | ဖန်းမော် | ၈ | လှိုင်ကော် | ၁ | Little Way | ၂ | | | | |
| တတိယနှစ် | ၂၈ | ပြည် | ၆ | မြစ်ကြီးနား | ၇ | ကလေး | ၁၂ | ဖယ်ခုံ | - | Franciscan | ၂ | | | | |
| စတုတ္ထနှစ် | ၃၈ | ဖားအံ | - | ဟားခါး | ၁၂ | တောင်ကြီး | ၁ | ကျိုင်းတုံ | ၄ | St. Paul | ၄ | | | | |

စုစုပေါင်း စာသင်သားဦးရေ ၁၀၇ ပါး



# မော်လမြိုင်ဂိုဏ်းအုပ်သာသနာ တည်ထောင်ခြင်း (၂၅)နှစ်ပြည့် ဂျူဘီလီပွဲကျင်းပ

မော်လမြိုင် ဂိုဏ်းအုပ်သာသနာ တည်ထောင်ခြင်း (၂၅)နှစ်ပြည့် ဂျူဘီလီပွဲတော်ကို မေလ (၃) ရက်နေ့မှ (၅)ရက်နေ့ထိ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ သကျက်ကျေးရွာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ ဤဂျူဘီလီပွဲတော်သို့ တိုက်နယ်အသီးသီးမှ ဘာသာတူနှင့် တစ်ခြားဘာသာညီအစ်ကို ဓမ္မမိတ်ဆွေ စုစုပေါင်း ၁၅၀၀ ခန့်ပါဝင်တက်ရောက်ခဲ့ကြသည်။

မေလ (၃)ရက်နေ့တွင် (၂၅)နှစ်ပြည့်ဂျူဘီလီပွဲတော် ဖွင့်ပွဲအခမ်းအနားကို နံနက် (၆း၃၀) နာရီတွင် မဇောကလေးသူငယ်များ ဗုံပုလွေအဖွဲ့နှင့် ဆရာတော်ကြီးနှင့် ဘုန်းတော်ကြီးများ သကျက် ဘုရားကျောင်းရှေ့ ဂျူဘီလီ ကျောက်တိုင်သို့ စီတန်း၍ ချီတက်ခဲ့ကြသည်။ ထို့နောက် (၂၅)နှစ်ပြည့် ဂျူဘီလီပွဲတော် ဖွင့်ပွဲအခမ်းအနားကို မော်လမြိုင်သာသနာ Msgr. Joseph Thein Khin မှ (၂၅)နှစ်ပြည့်ဂျူဘီလီ ကျောက်တိုင်၊ ဖယောင်းတိုင်နှင့် အလံကို ကောင်းကြီးပေးပြီး ဆရာတော် ရေမွှန်ဖိုးရေနှင့် ဖာသာရ်ဆူးစေးတို့ ဖဲကြိုးဖြတ် ဂျူဘီလီပွဲတော်ကို ဖွင့်လှစ်ခဲ့သည်။

ဂျူဘီလီပွဲတော်အတွင်း အသိပညာပေးသင်တန်းများဖြစ်သော ပညာရေး၊ ဌာနေတိုင်းရင်းသား လူမျိုးစုများ အခွင့်အရေး၊ သဘာဝ ပတ်ဝန်းကျင်သိကောင်းစရာ၊ မူးယစ်ဆေးဝါးနှင့် ကျန်းမာရေး သိကောင်းစရာ၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ သိကောင်းစရာများနှင့် အမျိုးသမီးများဆိုင်ရာ သိကောင်းစရာများကို တာဝန်ရှိ ပုဂ္ဂိုလ်အသီးသီးမှ ဆွေးနွေး ပို့ချပေးခဲ့ကြသည်။ ဂျူဘီလီပွဲတော် ဂုဏ်ပြုသောအနေဖြင့် ဘောလုံးပွဲ၊ ခြင်းလုံးပွဲကို တိုက်နယ်အသီးသီးမှ လာရောက်ယှဉ်ပြိုင် ကျင်းပခဲ့ကြသည်။

ဂျူဘီလီပွဲတော်ကြီးနေ့တွင် ဂျူဘီလီပွဲတော်မစ္ဆားနှင့် ခရစ္စမားအားပေးခြင်းကို ပြုလုပ်ခဲ့သည်။ ခရစ္စမားအားပေးခြင်း ခံယူခဲ့သော ကလေး လူကြီး စုစုပေါင်း (၆၉၀) ဦးဖြစ်ပါသည်။

## မော်လမြိုင်သာသနာ တည်ထောင်ခြင်း (၂၅) နှစ်ပြည့် နောက်ခံသမိုင်းအကျဉ်း (၁၉၉၃-၂၀၁၉)




မော်လမြိုင် သာသနာနယ်သည် မြန်မာပြည် တောင်ဘက်တွင် တည်ရှိပြီး၊ မြောက်ဘက်တွင် ဘားအံသာသနာနယ်၊ အရှေ့ဘက်နှင့် တောင်ဘက်တို့တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် မုတ္တမကွေ့နှင့် အိန္ဒိယသမုဒ္ဒရာတို့ ခြံရံလျက် တည်ရှိသည်။ ၁၉၉၃ ခုနှစ်တွင် ရဟန်းမင်းကြီး စိန့်ဂျွန်ပေါလ်က ရန်ကုန်ဂိုဏ်းချုပ်သာသနာနယ်ထဲမှ မွန်ပြည်နယ် တောင်ပိုင်းနှင့် တနင်္သာရီတိုင်းတို့ပါဝင်ရာ နယ်မြေကို မော်လမြိုင်ဂိုဏ်းအုပ်သာသနာအဖြစ် ခွဲခြားသတ်မှတ်ပေးခဲ့သည်။

၁၉၉၃ ခုနှစ် (၂၇.၅.၉၃) တွင် ဆရာတော်ဘုရား ဘိရှော့ရေမွှန်စောဖိုးရေသည် မော်လမြိုင်သာသနာ၏ ပထမဦးဆုံး ဆရာတော်အဖြစ် ပလ္လင်အပ်ခြင်း ခံရပြီးနောက် မော်လမြိုင်မြို့တွင် သီတင်းသုံးနေထိုင်တော်မူခဲ့သည်။

ဆရာတော်ဘုရားသည် မော်လမြိုင်မှ ကော့သောင်းအထိ ပြန့်ကျဲနေသော ဘာသာဝင်တို့၏ ဝိညာဉ်ရေးဆိုင်ရာတိုးတက်မှုအတွက် ဦးဆောင်လမ်းညွှန်မှုများ ပေးခဲ့သည်။

ဆရာတော်ဘုရား၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မွန်မြတ်သော အိမ်ထောင်စုဘုရားရှိခိုးအတွင်း၌ မယ်တော်မာရီးယား၏ ခန်းမဆောင်(Marian Hall)၊ အစည်းအဝေးခန်းမဆောင်၊ ရဟန်းတော်များနှင့် ညှော့သည်တော်များတည်းခိုဆောင်၊ ကျောင်းသူကျောင်းသားအတွက် ဘော်ဒါဆောင်များ၊ အထက်တန်းပညာ ဆည်းပူးနေကြသော





ကျောင်းသူ ကျောင်းသားများ၊ ကျမ်းစာသင်တန်း၊ သာသနာအတွက်ဆက်ကပ် လူငယ်သင်တန်း၊ စက်ချုပ်သင်တန်းနှင့် အင်္ဂလိပ်စာသင်တန်း၊ တက်ကြသောသင်တန်းသူသင်တန်းသားများနှင့် စည်ကားလျက်ရှိသည်။

ဆရာတော်သည် ကျောင်းသူကျောင်းသားများ၏ ပညာရေးအတွက် ဘော်ဒါဆောင်များကိုလည်း နေရာအနှံ့ဖွင့်လှစ်ပေးခဲ့သည်။

မော်လမြိုင်သာသနာ စတင်ချိန်တွင် ဘာသာဝင်ဦးရေ (၈၀၀၀) ခန့်ရှိခဲ့သော်လည်း ယခုအချိန်တွင် နေ့စဉ်မှတ်တမ်းအရ(၁၄၀၀၀) ဦးခန့်ရှိသည်။ သာသနာစတင်ချိန်တွင် ဘုန်းတော်ကြီး(၁၀) ပါးသာရှိခဲ့ပြီး၊ ကျောင်းထိုင်ဘုန်းတော်ကြီးပိုင်တိုက်နယ် (၆) ခုသာ ရှိခဲ့သည်။ ရဟန်းရှားပါးမှုကြောင့် ဆရာတော်သည် အခြားသာသနာများမှ ဆရာတော်များကို အကူအညီတောင်းခဲ့ရသည်။ တောင်ငူသာသနာနှင့် ပုသိမ်သာသနာတို့မှ ရဟန်းတော်အချို့ သာသနာလုပ်ငန်းတွင်လာရောက်ကူညီကြသည်။ သာသနာ စတင်၍ (၂၅)နှစ်အချိန်ကာလအတွင်း ရဟန်းတော်အသစ်(၁၅) ပါးခန့် သိက္ခာယူနိုင်ခဲ့ကြသည်။

သာသနာစတင်ပြီးနောက် ဆရာတော်၏ ဦးဆောင်မှုဖြင့် သာသနာလုံးဆိုင်ရာ အစည်းအဝေးများကိုပြုလုပ်ပြီး ကော်မရှင်များကိုဖွဲ့စည်းကာ သာသနာလုပ်ငန်းကိုစနစ်တကျ ဆောင်ရွက်ခဲ့ကြသည်။ ကရုဏာလူမှုရေး ကူညီမှုအဖွဲ့သည် ကျေးရွာများဖွံ့ဖြိုးတိုးတက်မှုအတွက်များစွာကူညီလုပ်ဆောင်ခဲ့သည်။

(၂၀၀၈) ခုနှစ်တွင် သာသနာနယ်လုံးဆိုင်ရာ ညီလာခံ (Diocesan Synod) ကိုမော်လမြိုင်မြို့တွင် ကျင်းပပြီး၊ မော်လမြိုင်သာသနာစတင်၍ (၂၅) နှစ်အတွင်း ဆရာတော်သည် ကော့သောင်း၊ သကျက် (တနင်္သာရီ)နှင့်ရေး (ကျောက်ရုပ်) ဘိုတောင်၊ လေညာ (ပြည်ကြီးလှိုင်)၊ ဝါးချောင်း တို့ကို ကျောင်းထိုင် တိုက်နယ်သစ်များအဖြစ် ဖွင့်လှစ်ခဲ့ပြီး ၊မိုးတောင်၊ အနိုင်း၊ တနင်္သာရီချောင်းမကြီး ဘုတ်ပြင်းတိုက်နယ်တို့ကို အနာဂတ်ကာလတွင် ကျောင်းထိုင်တိုက်နယ်သစ်များ ဖွင့်လှစ်ရေးအတွက်ပြင်ဆင်လျက်ရှိသည်။

OSC-Mawlamyine Diocese





# ကျိုင်းတုံ ကက်သလစ်သာသနာလုံးဆိုင်ရာ လူငယ် နှီးနှောဖလှယ်ပွဲတော် ကျင်းပ

ကျိုင်းတုံကက်သလစ်သာသနာလုံးဆိုင်ရာ လူငယ်နှီးနှောဖလှယ်ပွဲတော်ကို ၂၀၁၉ မေလ ၁၆-၂၀ ရက်နေ့အထိ ကျိုင်းတုံမြို့ RCM ကျောင်းဝင်းတွင် ကျင်းပခဲ့ရာ ကျိုင်းတုံ ကက်သလစ်သာသနာအတွင်းရှိ သာသနာအုပ်စုပေါင်း (၂၀) မှ လူငယ်ပေါင်း (၇၈၀) ဦး တက်ရောက်ခဲ့ပါသည်။

သင်တန်း၏ ပထမရက်ကို လူငယ်များအားကြိုဆိုနေရာချထားခြင်းနှင့် လူငယ်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။ အခမ်းအနားကို ပွဲတော်၏ ခေါင်းစီးသီချင်းဖြစ်သည့် "I am the servant of the Lord" (Lk-1:38) ကို လူငယ်တာဝန်ခံ Fr.Mario မြင့်လွင်မှ ရှင်းလင်းပြောကြားခဲ့ကာ ပါစကားဖရောင်းတိုင်ကြီး၊ လူငယ်ကားတိုင်၊ သမ္မာကျမ်းစာ စသည့် ယုံကြည်ခြင်းကို ဖော်ကျူးသည့် အမှတ်လက္ခဏာများနှင့် ဖယောင်းတိုင်မီးများကို ကိုင်ဆောင်ကာ "ငါသည် လောက၏ အလင်းဖြစ်သည်" ဟူသော သီချင်းကို သီဆိုကာ အလံလွှင့်ထူခဲ့ကြသည်။

ထို့နောက် သာသနာအုပ်စုအလိုက် မိတ်ဆက်ခြင်းနှင့် နောက်နေ့အတွက် ပြင်ဆင်ခြင်းတို့ဖြင့် သင်တန်းပထမနေ့ကို ဖြတ်သန်းခဲ့ကြသည်။

ဒုတိယနေ့တွင် မိသားစုရေးရာအကြောင်းကို မိသားစုကော်မရှင် ဥက္ကဋ္ဌ Fr. Pasquale Sai Yee နှင့် အဖွဲ့တို့မှလည်းကောင်း၊ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ စက္ကရမင်းတူအကြောင်းကို Fr.Joseph Aˇ Mui မှ လည်းကောင်း၊ သမ္မာကျမ်းစာကို Fr.Afred Je Mui မှ လည်းကောင်း ပို့ချခဲ့ပြီး သီချင်းတိုက်ခြင်း၊ အားကစားလုပ်ခြင်းနှင့် သာသနာအုပ်စုအသီးသီးမှ ပြင်ဆင်လာသော အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ရင်း ဒုတိယနေ့ကို အဆုံးသတ်ခဲ့သည်။

တတိယနေ့တွင် Fr.Bosco Bo Bo မှ လူငယ်များ စိတ်ဓါတ်မြင့်တင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးအကြောင်း ပို့ချကာ ညနေပိုင်းတွင် Parise and Worship အစီအစဉ်ဖြင့် ဘုရားရှင်အား ချီးမွမ်းခြင်း၊ နောင်တယူခြင်း၊ အပြစ်ဒဏ် ဆပ်ဖြေခြင်းတို့ဖြင့် လူငယ်များ ဝိညာဉ်ရေးရာ ပြင်ဆင်ခဲ့ကြသည်။

သင်တန်းစတုတ္ထနေ့တွင် လူငယ်မစ္ဆားတရားတော်မြတ်ကို နံနက် ၆ နာရီတွင် ကျိုင်းတုံကက်သလစ်သာသနာပိုင် ဆရာတော် ပီတာလွီးစ်မှ ဦးဆောင်ကာ လူငယ်များအတွက် ခွန်အားယူစရာအကြောင်းတရားများကို ဟောကြားပေးခဲ့သည်။ ထို့နောက် လူငယ်ကော်မတီဝင် အသစ်များမှ ဆရာတော်ဘုရား မျက်မှောက်ရှေ့ သုံးနှစ်တာ ဆက်ကပ်မှုပြုရန် ဝန်ခံကတိပြုခဲ့ကြသည်။

ထို့နောက် အဖွဲ့သုံးဖွဲ့ခွဲကာ ကျိုင်းတုံမြို့ပတ်ဝန်းကျင် အမှိုက်ကင်းစင်သန့်ရှင်းရေးအတွက် အမှိုက်ကောင်းခဲ့ကြသည်။ ညနေပိုင်းတွင် ကံစမ်းမဲဖောက်ခြင်းနှင့် အကပဒေသာတင်ဆက်ခြင်းတို့ဖြင့် အဆုံး သတ်ခဲ့ကြသည်။ ပဉ္စမနေ့တွင် ကျေးဇူးတင် မစ္ဆားတရားကို ကျိုင်းတုံဘုရားကျောင်းကြီး တွင် ကျင်းပပြုလုပ်ကာ လူငယ်အလံ ပြန် လည်ရုပ်သိမ်းခြင်းတို့ဖြင့် ပွဲတော်ကို အဆုံးသတ်ခဲ့သည်။



ကျိုင်းတုံသာသနာလုံးဆိုင်ရာ
လူငယ်ကော်မရှင်



# နွေရာသီလူငယ်သင်တန်း



ပုသိမ်ဂိုဏ်းအုပ်ဆရာတော်အပိုင် ပုသိမ်မြို့ စိန်ပီတယ် ကာသီဒြယ်၊ သာသနာ့ခန်းမဆောင်တွင် Summer Youth Course ( Be the First One To Love ) ပုသိမ် သာသနာ နွေရာသီ လူငယ်သင်တန်းကို ၂၀၁၉ ဧပြီလ ၁၈ မှ ၂၁ ထိ ပြုလုပ်ခဲ့သည်။ ၁၈ ရက် ညနေ(၅)နာရီတွင် ကျောင်းထိုင် ဘုန်းတော်ကြီး မွန်စီညော် ဝီးဖရက် မြင့်စိုးမှ အဖွင့် ဆုတောင်းမေတ္တာဖြင့် သင်တန်းအားအစပြု ပေးပါသည်။ ဆက်လက်၍ စိပ်ပုတီးစိပ်ခြင်း၊ ကမ္ဘဌာန်းရှုခြင်း တို့ကို ဆောင်ရွက်ကြပါသည်။

သင်တန်း၌ အဖဆရာတော်ကြီးမှ လူငယ်များအတွက် ဝိညာဉ်ခွန်အားရရှိ ကြစေရန် အားပေး အမှာစကား မြွက်ကြားပေးပါသည်။ ထို့ပြင် Sister ရို့စ်ဖိလစ် ပြုံးမှ လူငယ်နှင့် ခေါ်တော်မူခြင်း၊ စာရေးဆရာ ဦးတိုးဝေ မှ လူငယ်နှင့် အနာဂတ်ကဏ္ဍ၊ ပုသိမ်မူးယစ်ဆေးတပ်ဖွဲ့မှ ရဲမှူးတင်ဦးက မူးယစ်ဆေးဝါးနှင့် ယနေ့လူငယ်အကြောင်း၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးစောမိုက်ကယ်မှ စားသုံးသူရေးရာသိမှတ်ဖွယ်ရာများကို အသီးသီး ဟောပြောပို့ချ ပေးခဲ့ကြပါသည်။

သင်တန်းဆင်းပွဲကို ၂၀ ရက်နေ့ ည (၇) နာရီတွင် တက်ရောက်လာကြသော လူငယ်များမှ တေးသီချင်းများ၊ အကပဒေသာများဖြင့် တင်ဆက်ကပြဖျော်ဖြေခဲ့ကြပြီး သင်တန်းကို အဆုံးသတ် ခဲ့ကြပါသည်။ အဆိုပါသင်တန်းသို့ လူငယ်စုစုပေါင်း (၁၁၀) ဦး တက်ရောက်ခဲ့ကြပါသည်။

နန့် ဂျူလိုင်အေး (ပုသိမ်)

# ထိုင်းနိုင်ငံတွင် ကက်သလစ်သာသနာတော် စတင်ထူထောင်ခြင်း နှစ် ၃၅၀ ပြည့် အခမ်းအနား ကျင်းပ

ကက်သလစ် ခရစ်ယာန် သာသနာပြုများသည် ၁၆ ရာစုနှစ်မှစတင်ကာ အရှေ့ဖျားဒေသများသို့ ပေါ်တူဂီများ၏ စောင့်ရှောက်မှုဖြင့် ရောက်ရှိလာကြသည်။

ဒေါမိနစ်ကန် အသင်းဂိုဏ်းဝင် ကက်သလစ် ခရစ်ယာန် သာသနာပြုများသည် အယုဒ္ဓယနိုင်ငံသို့ ၁၅၆၇ ခုနှစ်တွင် ရောက်ရှိခဲ့သည်။ ထို့နောက် ဖရန်စစ္စကန် နှင့် ဂျက်ဇူးဝစ် သာသနာပြုများလည်း ဝင်ရောက် လာခဲ့ကြသည်။ ထိုအချိန်များတွင် ပေါ်တူဂီ အာဏာပိုင်တို့က သာသနာပြုများအား တိုက်ရိုက် ကိုင်တွယ်ကာ ပုပ်ရဟန်းမင်းကြီး၏ သြဇာကို ကန့်သန့်ခဲ့သည်။

၁၆၂၂ တွင် ဗာတီကန်က ဧဝံဂေလိ ပြန့်ပွါးရေး ကော်မရှင်အား ဖွဲ့စည်းပြီး ကမ္ဘာတဝှမ်းရှိ သာသနာပြု လုပ်ငန်းများအား ကြည့်ကြပ်စေခြင်းဖြင့် သာသနာပြု လုပ်ငန်းများကို ပုပ်ရဟန်းမင်းကြီး၏ လမ်းညွှန်မှု အောက်သို့ ရောက်စေခဲ့သည်။

ဤကော်မရှင်သည် ရှိနှင့်ပြီးသော သာသနာပြု အသင်းဂိုဏ်းများနှင့်သာ လုပ်ကိုင်ခဲ့သည်။ သို့သော် ၁၆၅၉ တွင် သာသနာပြုများအား ပေါ်တူဂီတို့၏ ချယ်လှယ်ခြင်းမှ လွတ်လပ်စွာနေရန် မှာကြားခဲ့သည်။ ၁၆၆၃ တွင် ပြင်သစ် သာသနာပြု အသင်း (MEP) အသင်းအား ထူ ထောင်ကာ သာသနာပြု လုပ်ငန်းများကို ပိုမို တွင်ကျယ်စေခဲ့သည်။

၁၆၆၉ တွင် စီယမ် သာသနာနယ်ကိုဖွဲ့စည်းတည်ထောင်ကာ ပြင်သစ် သာသနာပြုများက ထိုင်းနိုင်ငံနှင့် အာရှတိုက်တဝှမ်းရှိ သာသနာပြု လုပ်ငန်းများကို ဦးဆောင်ခဲ့သည်။

ထိုအချိန်မှ စတင်ကာ သာသနာပြုများ၏ ကြိုးပမ်းမှုကြောင့် အသင်းတော် ထွန်းကားလာခဲ့သည်။

၂၀၁၈ ခုနှစ် စာရင်း အရ ထိုင်းနိုင်ငံတွင် ဘာသာဝင်ဦးရေ ၃၇၉၉၇၅ ဦးရှိပြီး၊ နိုင်ငံလူဦးရေ ၆၉ သန်း ၏ ၀.၄၆ ရာခိုင်နှုန်းရှိသည်။ ဂိုဏ်း ချုပ်/ဂိုဏ်းအုပ် သာသနာ ၁၂ ခု၊ သာသနာ အုပ်စု ၄၃၆ ခုနှင့် ဘုန်းတော်ကြီး ၆၆၂ ပါး ရှိ သည်။





ပွဲတော်သို့ ဗာတီကန် ဧဝံဂေလိ ပြန့်ပွါးရေး ကော်မရှင် ဥက္ကဌ ကာဒီနယ် ဖာဒီနန် ဖီလိုနေ အထူးဧည့်သည်တော် အဖြစ် ကြွရောက် ချီးမြှင့်ခဲ့သည်။

ကာဒီနယ် ဖိလိုနေက အာရှ တိုက်သည်ယဉ်ကျေးမှုပေါင်းစုံရှိရာ ဘာသာတရားတို့ ပေါ်ထွန်းရာ ဒေသဖြစ်သော်လည်း လူဦးရေ၏ ၈၅ ရာခိုင်နှုန်းမှာ ဆေးကြောခြင်း မခံရသေးသူများ ဖြစ်သည်။ အာရှတိုက်သည် သာသနာနယ်တစ်ခု အစစ်အမှန်ဖြစ်သည်။ ထို့ကြောင့် အသင်းတော်နှင့် အတူ ပူးပေါင်းကာ သာသနာပြုများ အဖြစ် ဆောင်ရွက်ကြ ရန် ဖိတ်ခေါ်ခဲ့သည်။






ကျွန်ုပ်တို့၏ ယုံကြည်ခြင်းအား မှန်ကန်စွာ နေထိုင်ခြင်းအားဖြင့် လူအများအား ခရစ်ယာန် အသက်တာ အကြောင်း သက်သေခံကြရန် တိုက်တွန်းအားပေးခဲ့သည်။

ပုပ်ရဟန်းမင်းကြီးဖရန်စစ်မှလည်း ထိုင်းနိုင်ငံ ကက်သလစ် သာနာတော်သို့ သဝဏ်လွှာ တစ်စောင်ဖြင့် ကောင်းကြီးမင်္ဂလာ ပေးပို့ခဲ့သည်။ ထိုသဝဏ်လွှာကို ကာဒီနယ် ဖီလိုနေ ကိုယ်တိုင် ဖတ်ကြားခဲ့သည်။

ပုပ်ရဟန်းမင်းကြီးက လွန်ခဲ့သည့် နှစ်ပေါင်း ၃၅၀ အတွင်း ခံစားရရှိခဲ့ရသော ကျေးဇူးတော်များအတွက် ဘုရားသခင်အား ကျေးဇူးတင်ရင်း ထိုင်းကက်သလစ် ဘာသာဝင်များနှင့် နီးကပ်စွာရှိပါကြောင်း နှုတ်ဆက်ခဲ့သည်။

ဆက်လက်ပြီး မိမိတို့၏ နိုင်ငံအတွင်း စည်းလုံးခြင်း၊ ညီအစ်ကိုမောင်နမစိတ်ထား၊ ကောင်းမြတ်ခြင်း၊ အမှန်တရားနှင့် တရားမျှတခြင်းတို့အား ဖေါ်ဆောင်ခြင်းဖြင့် ခရစ်တော်၏ နိုင်ငံတော်ကို ဆက်လက်တည်ဆောက်ကြရန်နှင့် သန့်ရှင်းမြင့်မြတ်ခြင်းတို့၌ ရှင်သန် ကြီးထွားကြပါစေကြောင်း ဆုတောင်း နှုးဆော်ခဲ့သည်။

ကာဒီနယ် ဖီလိုနေသည် ထိုင်းနိုင်ငံတွင် မေလ ၁၈ မှ ၂၁ ရက် အထိ ၄ ရက်တာ ရှိနေခဲ့ပြီး ကက်သလစ် အသင်းတော်၏ အထင်ကရ နေရာများသို့ သွားရောက်လည်ပတ်ကြည့်ရှုကာ ဘာသာ ဝင်များနှင့် တွေ့ဆုံခဲ့သည်။

Ref:ucanews.com

CBCM-OSC

---

စိန်ပေါလ် စစ္စတာများ အသင်းဂိုဏ်း မွေးနေ့ပွဲနှင့်အတူ
စစ္စတာ ၅ ပါး၏ သစ္စာပြုခြင်း ၂၅ ပြည့် ငွေစင်ဂျူဘီလီ၊
စစ္စတာ ၇ ပါး၏ ရာသက်ပန် သစ္စာ ပြုခြင်း
စစ္စတာ ၆ ပါး၏ ပထမ သစ္စပြုခြင်း အခမ်းအနားများကို
သန်လျင်မြို့ စိန်ဖရစ်စစ် ဇေးဗီးယား ဘုရားကျောင်းတွင် အသင်းဂိုဏ်း
တည်ထောင်သူ ကာဒီနယ် ချားလ်စ်ဘို ဦးဆောင်ပူဇော်သော
မစ္ဆားတရားတော်မြတ်နှင့်အတူ
၂၀၁၉ ခု မေလ ၂၅ ရက်နေ့ နံနက် ၇ နာရီ အချိန်တွင်
ကျင်းပပြုလုပ်ခဲ့ပါသည်။



# ယေရှုးရွှေနှလုံးတော်အား ပလ္လင်တင်ခြင်းနှင့် မိသားစုအပ်နှံပူဇော်ခြင်းမေတ္တာ



အို အတိုင်းမသိ မွန်မြတ်တော်မူလှသော ယေရှုး၏ ရွှေနှလုံးတော် ခရစ်ယန် အိမ်ထောင်စုတို့အပေါ် ကိုယ်တော် စိုးစံတော်မူလိုသော ဆန္ဒကို သူတော်မ မာဂရက်မေရီအား ထင်ရှား ရှင်းလင်းပြတော်မူသည်နှင့်အညီ ကျွန်ုပ်တို့ အိမ်သူအိမ်သားတစ်စုအပေါ်၌ လုံးလုံးအုပ်စိုး တော်မူပါမည့်အကြောင်း အပါးတော်သို့ ချဉ်းကပ်လျှောက်ထားကြပါသည်။ ယခုမှစ၍ နောင်အစဉ်အဆက် ကိုယ်တော်၏ အပြုမူကို နမူနာယူ၍ အသက်ရှင်လိုပါသည်။ မြေပေါ်၌ ငြိမ်သက်သာယာခြင်းကို ကိုယ်တော် ကတိထားတော်မူခဲ့သည်။ ကိုယ်တော်၏ ပါရမီများကို ကျွန်ုပ်တို့ အိမ်ထောင်စု၌ တိုးပွါးလိုကြပါသည်။ ကိုယ်တော်ရှုတ်ချပြီးသော လောကီ စိတ် ဆန္ဒတို့ကို အကျွန်ုပ်တို့မှ ဖယ်ရှားလိုကြပါသည်။ အကျွန်ုပ်တို့၏ သေးငယ်သော ယုံကြည်ခြင်း၌ အသိဉာဏ်ကို ကိုယ်တော် အုပ်စိုးတော်မူပါ။ ကိုယ်တော်၏ အကြွင်းမဲ့သော ချစ်ခြင်း ဖြင့် အကျွန်ုပ်တို့ နှလုံးသား၌ စိုးစံတော်မူပါ။ ထိုချစ်ခြင်းမီးလျှံ အစဉ်တောက်လောင် စိမ့်သောငှါ ကိုယ်တော်မြတ်ကို မကြာမကြာ ပင့်ယူပါမည်။

အို ရွှေနှလုံးတော် ကိုယ်တော်၏ ကရုဏာတော်အားဖြင့် အကျွန်ုပ်တို့ စုဝေးရာ၌ အမှူးပြု တော်မူပါ။ အကျွန်ုပ်တို့၏ လောကီရေးရာ အမှုကိစ္စများကို ကောင်းကြီးပေးတော်မူပါ။ အကျွန်ုပ်တို့မှ ညှိုးငယ်ပူဆွေးခြင်းများကို သန့်ရှင်းစင်ကြယ် စေတော်မူပါ။ ဒုက္ခဝေဒနာများကို သက်သာစေတော်မူပါ။

တစ်နေ့သ၌ အကျွန်ုပ်တို့အထဲမှ တစ်ယောက်သောသူသည် ကိုယ်တော်ကို ပြစ်မှားကျူးလွန်မိလျှင် အို မွန်မြတ်လှသော ရွှေနှလုံးတော်၊ ကိုယ်တော်သည် နောင်တရသော အပြစ်ရှိသူအား ကရုဏာ သက်လျက်ရှိကြောင်းကို အသိအမှတ်ပြုတော်မူပါ။ ခွဲခွါရာ အချိန်ရောက်၍ ကျွန်ုပ်တို့အထဲမှ သေပျောက် ကွေကွင်းခြင်း ဝင်ရောက်သဖြင့် ပူဆွေးရသောအခါ သေလွန်သူတို့နှင့် ကျန်ရစ်သူအားလုံးတို့သည် ကိုယ်တော်၏ တည်ကြည်မှိုင်မြဲသော စီရင်တော် မူခြင်းများကို ကျိုးနွံနာခံခြင်း ပြုပါမည်။ တစ်နေ့သ၌ ကျွန်ုပ်တို့အိမ်ထောင်စုတို့သည် ရွှေနိုင်ငံတော်၌ စုရုံးလျက် ကိုယ်တော်၏ ဂုဏ်ကျေးဇူးတော်တို့ကို အစဉ်မပြတ် ချီးမွမ်း သီဆိုနိုင်ပါလိမ့်မည်ဟု မျှော်တွေးပြီး ကျွန်ုပ်တို့ စိတ်ဖြေကြပါမည်။

မာရီယာ၏ သန့်ရှင်းဖြူစင်သော နှလုံးတော် ဂုဏ်ကျက်သရေနှင့်ပြည့်စုံသော အဖ သံဇုဇယ် တို့သည် ဤ ပူဇော်ခြင်းကို ကိုယ်တော်အား ဆက်သပါစေသော်။ ကျွန်ုပ်တို့သည် တစ်သက်ပတ်လုံး၌ နေ့စဉ်နေ့တိုင်း ထို ဆက်ကပ်ပူဇော်ခြင်းကို အောက်မေ့ သတိရနိုင်ရန် စောင်မပါစေသော်။

အကျွန်ုပ်တို့၏ အရှင်၊ အကျွန်ုပ်တို့၏ အဖ ဖြစ်တော်မူသော ယေရှုး၏ရွှေနှလုံးတော်အား ဂုဏ်ကျက်သရေ အစဉ်အမြဲ ရှိစေသတည်း။

# မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် လူထု ဆက်သွယ်ရေး ဒါရိုက်တာများ၏ အလုပ်ရုံဆွေးနွေးပွဲ







မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ် လက်အောက်ရှိ လူထုဆက်သွယ်ရေး ကော်မရှင်၏ အစည်းအဝေးကို မြစ်ကြီးနားမြို့ စိန့်ကိုလန်ဘန် ကာသီဒြယ်တွင် မေလ ၂ ရက် နှင့် ၃ ရက် နေ့များတွင် ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ကက်သလစ် ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ် သာသနာ အသီးသီးမှာ လူထု ဆက်သွယ်ရေး တာဝန်ခံများ တက်ရောက်ခဲ့ကြသည်။ လူထု ဆက်သွယ်ရေး ကော်မရှင်သည် စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရသည်ကို အသိအမှတ်ပြုခဲ့ကြသည်။ အထူးသဖြင့် ခေတ်နှင့် ညီလျော်စွာ မြန်မာအသင်းတော်အား အစေခံနိုင်ရန် နည်းလမ်းများ ရှာဖွေကြရန် ဆွေးနွေးခဲ့ကြသည်။

အစည်းဝေးပထမနေ့တွင် အာရှ ဆရာတော်ကြီးများ၏ အသင်းကြီးမှ လူထု ဆက်သွယ်ရေးဆိုင်ရာ အတွင်းရေးမှူး ဖါသာရ် ဂျော့ဂျ်က လူထု ဆက်သွယ်ရေးရုံးများ၏ လုပ်ငန်းတာဝန်များနှင့် ဖွဲ့စည်းပုံကို ရှင်းလင်း တင်ပြခဲ့သည်။ ဆက်လက်ပြီး လူထု ဆက်သွယ်ရေး တမန်တော် လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သော မဟာ ဗျူဟာ ရေးဆွဲခြင်း အကြောင်း နည်းလမ်းပေးခဲ့သည်။

ဆက်လက်ပြီး ဆွေးနွေးကြရာတွင် လူထုဆက်သွယ်ရေး ဒါရိုက်တာ တစ်ဦး၏ လုပ်ငန်းနှင့် တာဝန်များကို ချမှတ်နိုင်ခဲ့ကြသည်။ လိုအပ်သော သင်တန်းများ စီစဉ်ခြင်းဖြင့် လက်တွေ့ လုပ်ဆောင်တတ်စေရန်လည်း လေ့ကျင့်ယူကြရန် ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့ကြသည်။

အစည်းအဝေး ဒုတိယနေ့တွင် တန်ဖိုး ရုပ်ရှင် ဇာတ်ကား ရိုက်ကူးထားသော ရုပ်ရှင်ဒါရိုက်တာ ဖါသာရ် ဂျွန်လာရော် မှ ဇဝံဂေလိ သတင်းကောင်း ဖြန့်ချီရေးတွင် ရုပ်သံကဏ္ဍ၏ အရေးပါသော အခန်းကဏ္ဍကို တင်ပြခဲ့သည်။

ဆိုရှယ်မီဒီယာတွင် လုပ်ဆောင်နိုင်သော နည်းလမ်းများကို တင်ပြပြီး ထို နည်းလမ်းများဖြင့် သတင်းကောင်း ဖြန့်ဝေခြင်း လုပ်နိုင်ကြောင်း လက်တွေ့ ပြသခဲ့သည်။

မြန်မာပြည် ကက်သလစ် အသင်းတော် အနေဖြင့် ရုပ်သံလိုင်းကို ရဲရင့်စွာ ဝင်ရောက်နိုင်ကြောင်း နည်းလမ်း ကောင်းများဖြင့် လက်ရှိ အခြေအနေများကို နှိုင်းယှဉ်ပြကာ နှီးဆော်ခဲ့သည်။

ဆက်လက်ပြီး လူထု ဆက်သွယ်ရေး ကဏ္ဍဖြင့် အသင်းတော်အား အစေခံကြမည်ဟု သန္နိဋ္ဌာန်ဖြင့် အစည်းအဝေးကို မေလ ၃ ရက်နေ့တွင် အဆုံးသတ်ခဲ့သည်။

# ဖောင်းတန်း သာသနာ စိန့် ဗင်းဆင့်အသင်း ပြန်လည်ဖွဲ့ စည်း



ပုသိမ်ဂိုဏ်းအုပ်ဆရာတော်အပိုင် ဟသာ်တမြို့နယ် ဖောင်းတန်းကျေးရွာသို့ ၂၀၁၉ ဧပြီလ (၁၀) ရက်နေ့၌ ပုသိမ်ဒိုင်အို စိန့်ဗင်းဆင်းအဖွဲ့ဝင်များနှင့် ဟသာ်တဖုံ ဥက္ကဋ္ဌတို့ ရောက်ရှိကြပြီး စိန့်ဗင်းဆင်း အသင်းအားပြန်လည်ဖွဲ့စည်းခဲ့ပါသည်။

ထိုနေ့ နံနက် (၁၀) နာရီ တွင် ဖောင်းတန်း ဘုရားကျောင်း၌ Sister ဂျူဒီ အချင်းမှ အဖွင့်ဆုတောင်းမေတ္တာဖြင့် စတင်၍ အားပေး စကားပြောကြားပါသည်။ ဒိုင်အို ဥက္ကဋ္ဌ ဦးသူရအောင်မှ အမှာစကား ပြောကြားသွားပါသည်။ ထို့နောက် ဟသာ်တဖုံဥက္ကဋ္ဌမှ ကျေးဇူးတင်စကားပြောပြီး ပုသိမ် ဒိုင်အိုအတွင်းရေးမှူး ဒေါ်ပေါ်လင်းမှ အသင်းနှင့် ပက်သက်၍ ဆောင်ရွက်ရန် လုပ်ငန်းများကိုအသေးစိတ် ရှင်းလင်း တင်ပြပါသည်။

ဆက်လက်၍ အသင်းကိုဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲ-အတွင်း ရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်နှင့် အဖွဲ့ဝင် များစွာတို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ဒိုင်အို ဥက္ကဋ္ဌမှ နိဂုံးချုပ်အမှာ စကားပြောကြားပြီး အစည်းအဝေးကို အ ပိတ်မေတ္တာ သီဆိုကြလျှက် မွန်းလွဲ (၁) နာရီတွင် အဆုံးသတ်ခဲ့ကြပါသည်။ ဒိုင်အိုအဖွဲ့ဝင်များသည် ဆက်လက်၍ သဲဖြူ ရွာခဲသို့ သွားရောက်ကြပြီးအသင်းဝင်များနှင့် တွေ့ဆုံခဲ့ကြကြောင်း သိရှိရပါသည်။

နန့် ဂျူလိုင်အေး (ပုသိမ်)

# မူကြိုဆရာမများမွမ်းမံသင်တန်း



ပုသိမ် ကက်သလစ်သာသနာ ပုသိမ်မြို့စိန့်ပီတယ် ခန်းမဆောင်တွင် မူကြိုဆရာမများ၏ မွမ်းမံသင်တန်းကို ၂၀၁၉ ခု ဧပြီလ ၆ မှ ၁၀ ရက်နေ့ထိ ဖွင့်လှစ်ခဲ့ပါသည်။ နံနက် (၉)နာရီတွင် မာသာရ်ကြီး ကော်လက်မှ အဖွင့်ဆုတောင်းမေတ္တာဖြင့် စတင်၍အားပေးအမှာစကား ပြောကြားပေးပါသည်။

ထို့နောက် ဦးဆောင်သူ Sister နီလာ (SFX) နှင့် ဆရာမ (၅)ဦးတို့က ပို့ချဆွေးနွေးခဲ့ကြပါသည်။ တစ်နှစ်စာ သင်ခန်းစာများအတွက် ကျောင်း အချင်းချင်း ဆွေးနွေးဖလှယ်ကြခြင်း၊ သင်ကြားမှု နည်းလမ်းများစွာဖြင့် မူကြိုကျောင်းများ တူညီစွာ သင်ကြားနိုင်ရေးအတွက် ရည်ရွယ်ပြီး အဆိုပါသင်တန်းအားဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။

၁၀ ရက်နေ့ ည နေ (၃) နာရီတွင် အပိတ်ဆုတောင်းမေတ္တာ သီဆိုကြလျှက် မူကြိုဆရာမများ၏ မွမ်းမံ သင်တန်းကို အဆုံးသတ် ခဲ့ကြပါသည်။ ထိုသင်တန်းသို့ ကျောင်းပေါင်း (၁၉) ကျောင်းနှင့် ဆရာမ ဦးရေ (၇၄) ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

နန့် ဂျူလိုင်အေး (ပုသိမ်)

# မြန်မာနိုင်ငံလုံးဆိုင်ရာ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ နီးနှောဖလှယ်ပွဲ နှင့် အလုပ်ရုံ ဆွေးနွေးပွဲ



မြန်မာနိုင်ငံလုံးဆိုင်ရာခရစ်ယာန်ဂိုဏ်းပေါင်းစုံ နီးနှောဖလှယ်ပွဲနှင့် ခရစ်ယာန်တို့ယုံကြည်ခြင်းအပေါ်သစ္စာရှိမှု အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ပုသိမ်ကက်သလစ်သာသနာ၊ ပုသိမ်မြို့ စိန့်ပီတယ်ခန်းမဆောင်တွင်၂၀၁၉ ခု ဧပြီလ ၂၅-၂၆ နေ့ထိ ကျင်းပခဲ့ပါသည်။

၂၅ ရက် နေ့ နံနက်(၆)နာရီမဏ္ဍားတရား ပူဇော်ခြင်းတွင် စပေါင်းပါဝင်ခဲ့ကြပါသည်။ ထိုနေ့ နံနက် (၉)နာရီတွင် "ခရစ်ယာန်တို့၏ ယုံကြည်မှုအပေါ် သစ္စာရှိမှု" အလုပ်ရုံ ဆွေးနွေးပွဲကို သိက္ခာတော်ရ Dr Van Kung မှ အဖွင့်ဆုတောင်းဖြင့် စတင်ခဲ့ပါသည်။ ထို့နောက် ပုသိမ်ဂိုဏ်းအုပ်ဆရာတော် ဂျွန်မန်းဆိန်းဟိုမှ ကြိုဆိုနှုတ်ခွန်းဆက် အမှာစကား ပြောကြားသွားပါသည်။ MCC မှ တာဝန်ခံဆရာတော် ဦးလူအေးမှလည်း ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားနှင့် ခရစ်ယာန်များ တစ်လုံးတစ်ဝတည်းရှိ၍ ယုံကြည်ခြင်း ခိုင်မြဲစေရန် ဟောပြောပေးခဲ့ပါသည်။ ဆက်လက်၍ မန္တလေးသာသနာမှ ဘုန်းတော်ကြီး ဂျော့ခင်မောင်ထွေးမှ ကြိုဆိုနှုတ်ဆက် အမှာစကား ဝေမျှသွားပါသည်။ ခရစ်တော်ဘုရင်မင်းဘွဲ့ နာမခံအသင်းတော် (အင်းစိန်) မှ ဘုန်းတော်ကြီးဒေါက်တာရှိမုန် ဘီဘင်ထူးမှလည်း "ခရစ်ယာန်တို့ ယုံကြည်ခြင်းအပေါ်သစ္စာရှိမှု" (၁ ကော ၃း၆) ကဏ္ဍကို ဟောပြောဆွေးနွေးပါသည်။ CBCM မှ ဘုန်းတော်ကြီး ဟင်နရီအိုင်ခလိန်မှ Loyalty to Christian Faith ခေါင်းစဉ်ဖြင့် စိတ်ဝင်စားဖွယ် ဟောပြောဆွေးနွေးပါသည်။

နေ့လည်ပိုင်းတွင် တက်ရောက်လာကြသော အသင်းတော်အသီးသီးမှ ကိုယ်စားလှယ်များက "ခရစ်ယာန်တို့၏ ယုံကြည်မှုအပေါ်သစ္စာရှိမှု" ခေါင်းစဉ်ဖြင့် အလုပ်ရုံ ဆွေးနွေးပွဲကိုအဖွဲ့ (၅) ဖွဲ့ခွဲ၍ ဆက်လက်ဆွေးနွေးသွားခဲ့ကြပါသည်။

ညနေ (၄း၃၀) နာရီတွင် ကော်မတီဝင်များသည် အစည်းအဝေးကို ဆက်လက်ဆောင်ရွက်ခဲ့ကြပြီး ပထမနေ့ ဆွေးနွေးဟောပြောမှုကို အဆုံးသတ်ခဲ့ကြပါသည်။

၂၆ ရက်နေ့ နံနက်(၆)နာရီတွင် မဏ္ဍားတရားတော်မြတ်ကို အတူတကွ နာယူခဲ့ကြပြီး ဆွေးနွေးပွဲဒုတိယနေ့အဖြစ် နံနက် (၈)နာရီတွင် စတင်ခဲ့ကြပါသည်။ ဦးစွာ သိက္ခာတော်ရ ဆရာတော် Rev- Smith N-Za Thawng မှ အဖွင့်ဆုတောင်းမေတ္တာဖြင့် စတင်၍ ဟောပြော ဆွေးနွေးမှုများကို ဆောင်ရွက်ပါသည်။ ဆက်လက်၍ အဖွဲ့ (၅) ဖွဲ့မှ ဆွေးနွေးတင်ပြချက်များကို အဖွဲ့ခေါင်းဆောင်များမှပြန်လည် ရှင်းလင်းတင်ပြရာ လိုအပ်ချက်များကို ဆရာတော်ကြီးများမှ ဖြည့်စွက် ခွန်အားပေးခဲ့ကြပါသည်။ ထို့နောက်ဆရာတော်ကြီး ဂျွန်စောယောဟန်မှ အလုပ်ရုံဆွေးနွေးပွဲ၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်တင်ပြ၍ အနှစ်ချုပ်ဝေမျှပေးခဲ့ပါသည်။

CBCM နှင့် MCC တို့ ပူးတွဲကျင်းပသည့် ခရစ်ယာန်တို့၏ ယုံကြည်မှုအပေါ်သစ္စာရှိမှု အလုပ်ရုံဆွေးနွေးပွဲ၏ နိဂုံးချုပ်အမှာစကားကို မွန်စီညော်ဝီးဖရက်မြင့်စိုးနှင့် MCC တာဝန်ခံဆရာတော် ဦးလူအေးတို့ မှ အသီးသီး အမှာစကား ပြောကြားသွားပါသည်။ ထို့နောက် ဆရာတော်ဂျွန်စောယောဟန်၏ ကောင်းကြီးတော်ကို ခံယူကြပြီး နံနက်(၁၁း၃၀)နာရီတွင် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြပါသည်။ အဆိုပါ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် Fr. မောင်ဝင်းမှ ဆောင်ရွက်သွားပါသည်။

(စစ်မှန်သောယုံကြည်ခြင်းအပေါ်သစ္စာရှိစွာ အသက်ရှင်သွားကြပါစို့ )

နန့် ဂျူလိုင်အေး (ပုသိမ်)

# စိန့် ဂျွန်းကိုယ်ပိုင် အထက်တန်းကျောင်း ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ် စတင် ဖွင့်လှစ်ခြင်း






ပုသိမ်ဂိုဏ်းအုပ် သာသနာပိုင် ပုသိမ်မြို့၊ မရမ်းချို ရပ်ကွက်တွင် ရှိသော ပုသိမ် ကက်သလစ် သာသနာပိုင် စိန့်ဂျွန်း ကိုယ်ပိုင် အထက်တန်းကျောင်း၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ဖွင့်လှစ်ခြင်း အခမ်းအနားကို ၂၀၁၉ ခုနှစ် မေလ (၂၇) နံနက် ၆ နာရီခွဲတွင် အဖဆရာတော် ဂျွန်မန်းဆိန်းဟို ကိုယ်တိုင်ကြွရောက်ပြီး မဿားတရားဖြင့် ပူဇော်ကာ စတင်ဖွင့်လှစ်ခဲ့ပါသည်။



ထို့နောက် နံနက် ၈ နာရီခွဲတွင် ကျောင်းသူ ကျောင်းသားများက ကျောင်း အပ်နှံကြပြီး ကျောင်းသားမိဘများနှင့် ဖွင့်ပွဲ အခမ်းအနားကိုစတင် ဖွင့်လှစ်ခဲ့ပါသည်။

၎င်း ဖွင့်ပွဲအခမ်းအနားတွင် ဆရာတော် အပါအဝင် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း မန်းဂျော်နီ၊ စိန့်ဂျွန်း ကိုယ်ပိုင် အထက်တန်း ကျောင်း၏ တာဝန်ခံ Fr. အောင်ကျော်ဦးတို့ တက်ရောက်ကြပြီး ကျောင်းသားမိဘများအား ပညာ ရေးနှင့် ဆိုင်သော အမှာစကားများ ပြောကြားခဲ့ပါသည်။

ထို့နောက် ၎င်း ပညာ သင်နှစ်တွင် သင်ကြားကြမည့် ဆရာ၊ ဆရာ မများက အသီးသီးမိတ်ဆက်ကြပြီ အခမ်း အနား ကို နံနက် ၉ နာရီခွဲနှင် ရုပ်သိမ်း ခဲ့ပါသည်။

စိန့်ဂျွန်းကိုယ်ပိုင် အထက်တန်း ကျောင်းကို ဖွင့်လှစ်သည်မှာ ယခုနှစ်အပါ အဝင် ၄ နှစ်ရှိပြီး ယခုနှစ်ဆိုလျှင် ၅ တန်းမှ ၁၀ တန်း ထိရှိပြီး ကျောင်းသား ကျောင်းသူ ဦးရေ ၃၀၀ ကျော်ရှိကြောင်း သတင်းရရှိပါ သည်။

OSC Pathein

## ထက်၊ လယ်၊ မူ ပညာသင်ထောက်ပံ့ကြေးပေးအပ်

ပုသိမ် ကက်သလစ်သာသနာ၊ ပုသိမ်မြို့ စိန့်ဗင်းဆင်းဒီပေါလ်အသင်းမှ ၂၀၁၉-၂၀၂၀ ပညာသင် နှစ်အတွက် အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင် ထောက်ပံ့ကြေးများကို ၂၀၁၉ မေလ (၁၂) နေ့နံနက် (၉) နာရီတွင် စိန့်ဗင်းဆင်းဒီပေါလ် ရုံးခန်း၌ ဆောက်ရွက်ခဲ့ကြပါသည်။

ဥက္ကဋ္ဌ ဦးအောင်သူရမှ ကျောင်းသား၊ ကျောင်းသူများအား အမှာစကားပြောကြားပြီး ထောက်ပံ့ကြေး ပေးအပ်ပါသည်။ ထို့နောက် အဋ္ဌမတန်းကျောင်းသူ မအိန်ဂျယ်လင်းမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပါသည်။ ထို့အတူ မြောင်းမြဖုံနှင့် ဟင်္သာတဖုံတို့အတွက် ထောက်ပံ့ကြေးများကိုလည်း ပုသိမ်ဒိုင်အိုအဖွဲ့ဝင်များမှ သွားရောက်ပေးအပ်ခဲ့ကြပါသည်။

နန့်ဂျူလိုင်အေး (ပုသိမ်)



## စိန့်ဗင်းဆင်း ဒီပေါလ်အသင်းမှ လူမမာများအားကြည့်ရှု



ပုသိမ် ကက်သလစ်သာသနာ ပုသိမ်မြို့၊ စိန့်ဗင်းဆင်းဒီပေါလ် အသင်းဝင်များသည် ၂၀၁၉ မေလ (၇) ရက်နေ့၌ ပုသိမ်မြို့ပေါ်ရှိ ကက်သလစ် ဘာသာဝင်များမှ နာတာရှည်ရောဂါ ခံစားနေရသော လူမမာ (၂) ဦးနှင့် ဆိုင်ကယ်အက်ဆီးဒင့်ဖြစ်၍ခြေကျိုးသွားသဖြင့် ဆေးရုံတွင် ဆေးကုသမှုခံယူနေသော ဦးဒါနီအဲလ်အား သွားရောက်ကြည့်ရှုအားပေး၍ ဆုတောင်းပေးခဲ့ကြပါသည်။

အဆိုပါလူမမာများအတွက် ဆေးဘိုးနှင့် အာဟာရရှိမည့် အစားအစာများအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

နန့်ဂျူလိုင်အေး (ပုသိမ်)

# မြသာကုန်းတိုက်နယ် ကက်သလစ်လူငယ်သင်တန်း

တောင်ငူသာသနာ၊ မြသာကုန်းတိုက်နယ် ကက်သလစ်လူငယ်သင်တန်းကို ၂၀၁၉ ခု မေလ ၉ မှ ၁၂ အထိ ဖာတီမာကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

၎င်းသင်တန်းကို တိုက်နယ် လက်ထောက်ဘုန်းတော်ကြီး Rev. Fr. ချစ်လှိုင်၊ သာသနာ လူငယ်တာဝန်ခံ Rev. Fr. ဂျွန်ငြိမ်းမင်းသူ၊ Rev. Fr. မောရစ်၊ Sr. ဘက်နက် ဒက်မြတ်နှင်းနွယ်၊ Sr. ချယ်လယ်စတီးနာ မိမိနိုင်နှင့် အမာခံလူငယ်များတို့မှ ဝေမျှပို့ချပေးခဲ့ကြပါသည်။ ပါဝင် တက်ရောက်သူ (၈၆) ဦး ရှိပါ သည်။

ဒက်ဖူးမယ်(I.S.R)



# ရဟန်း ဝါတော် (၂၅) နှစ် ပြည့် ငွေစင်ဂျူဘီလီ၊ တောင်ငူသာသနာ၊ သံမိုးတောင်တိုက်နယ်၊ တောင်ဇလဲကျေးရွာ



၂၀၁၉ ခုနှစ် မေလ ၁၁-၁၂အထိ တွင် တောင်ငူသာသနာမှ ဘုန်းတော်ကြီး (၃) ပါး၏ ရဟန်းဝါတော် (၂၅) နှစ်ပြည့် ငွေစင်ဂျူဘီလီ အထိမ်းအမှတ်ပွဲတော်ကို တောင်ငူသာသနာ၊ သံမိုးတောင်တိုက်နယ်၊ တောင်ဇလဲကျေးရွာတွင် ကျင်းပခဲ့ပါသည်။ ဂျူဘီလီရှင်များမှာ ထီးသာစောတိုက်နယ်မှ Rev. Fr. Xavier Win Maung, တောင်မြင့်တိုက်နယ်၊ တောင်မြင့်ရေပူတောင်ကျေးရွာ Rev. Fr. Gregory Thai Shwe Hla (တောင်ကြီး ဂိုဏ်းချုပ်သာသနာ စိန်မိုက်ကယ်ရဟန်းဖြစ်တက္ကသိုလ်၊ ဝိညာဉ်ရေးနှစ်တွင် စာချပုဂ္ဂိုလ်)၊ လိပ်သိုတိုက်နယ်၊ မစကျေးရွာ Rev. Fr. John Zaw One (ယာဒိုတိုက်နယ် ကျောင်းထိုင်ဘုန်းတော်ကြီး) တို့ဖြစ်ပါသည်။

၂၀၁၉ ခုနှစ် မေလ (၁၁) စနေနေ့ ညနေ ၅ နာရီခွဲ အချိန်တွင် ဂျူဘီလီရှင်များ၏ အထိမ်းအမှတ် ဂျူဘီလီမှတ်တိုင်ကိုကောင်းကြီးပေးခြင်း၊ ဂျူဘီလီရှင်များမှ ဂျူဘီလီမောင်း (၂၅) ချက် တီးခတ်စဉ် ဘုန်းတော်ကြီး ၂ ပါးမှ ဂျူဘီလီ ကွဲချိုများကို တီးမှုတ်ဂုဏ်ပြုခဲ့ပါသည်။ အနားယူနေသောတောင်ဇလဲကျေးရွာခံ ဘုန်းတော်ကြီး Fr. Ernest Tin Aye မှ ဂျူဘီလီ ဟူသော ဝေါဟာရ၊ အဓိပ္ပာယ်နှင့် လက်ဝါးကပ်တိုင်၏ သမိုင်းရာဇဝင်များကို ဂျူးလူမျိုးများ၊ ခရစ်ယာန်ဘာသာဝင်များနှင့် ရောမ အင်ပါယာကြီးတို့၏ဆက်စပ်မှု၊ လက်ဝါးကပ်တိုင်ကိုစတင်အသုံးပြုမှုတို့ကို ဘာသာဝင် သားသမီးများအား ရှင်းလင်းပြခဲ့ပါသည်။ ညနေဆွမ်းဘုဉ်းချိန်တွင် ဂျူဘီလီရှင်များမှ ဂျူဘီလီ ကိတ်မုန့်ကို ခွဲကာ မိဘဆွေမျိုးများနှင့်အတူ ပျော်ရွှင်စွာဖြင့် ပါဝင်ခဲ့ကြပါသည်။

ည ၈ နာရီတွင် ဖျော်ဖြေရေး အခမ်းအနားတရပ် ပြုလုပ်ခဲ့ပါသည်။ ၂၀၁၉ မေလ ၁၂ ရက်နေ့ တနင်္ဂနွေနေ့ နံနက် ၇ နာရီတွင် ကျေးဇူး တင်ခြင်း ဂျူဘီလီ မ စ္ဆား တ ရားေ တာ်ု မ တ် ကို ဂျူဘီလီရှင်များနှင့်အတူ ကျောင်းထိုင်ဘုန်းတော်ကြီး Fr. Sebastian Thein Maung, Fr. Abel Poi, Fr. Ernest Tin Aung, Fr. Maurice Ne Ne, Fr. Jerome Ah Ki, Fr. Andrea Than, Fr. Ernest Tin Aye တို့မှ မစ္ဆားတင်ပူဇော်ခဲ့ပါသည်။

မစ္ဆားတရားတော်တွင် ဆပ်ဖြေခြင်းသီလရှင် (၉) ပါး၊ ဘရာသာရ် တပါးနှင့် ကျေးရွာအတွင်း ဘာသာဝင်များ၊ ရပ်နီးရပ်ဝေးဘာသာဝင်များ တက်ရောက်ပါဝင်ခဲ့ပါသည်။

၎င်း အစီအစဉ်ကို မစ္ဆား တရားတော်မြတ် အပြီးတွင် တောင်ငူသာနာတွင် (၂၅) နှစ်တိုင်တိုင် သာသနာအမှုတော်ကိုထမ်းဆောင်ခဲ့သော ဂျူဘီလီရှင်များအား ဂုဏ်ပြု သြဘာစာများ ဖတ်ကြားပေးခြင်း၊ အမှတ်တရ စကားပြောကြားနှင့်လက်ဆောင်များ ဆက်သခြင်း အခမ်းအနားများဖြင့် အဆုံးသတ်ခဲ့ပါသည်။

နှင်းစက်ငယ် (ကေတုမတီ)

# ခရစ်ယာန်တို့အားမိုင်းမ တော်မူသော မယ်တော်သခင်မ၏ သမီးများ (ဆလေးရှင်း စစ္စတာများ) ဂတိသစ္စာခံယူခြင်း အခမ်းအနား

၂၀၁၉ ခုနှစ်၊ မေလ(၁၂) ရက်နေ့တွင် ခရစ်ယာန်တို့အား မိုင်းမတော်မူသော မယ်တော်သခင်မ၏သမီးများ (ဆလေးရှင်း) သီလရှင်အသင်းဂိုဏ်းမှ စစ္စတာရ် မာဂရက်ခေါင်ရာနှင့် စစ္စတာရ် ခရစ်စတီးနား တူးတူးတို့သည်အနီးစခန်း၊ ပြင်ဦးလွင်၊ နာဇရက်ကျောင်း မယ်တော့်ရင်ပြင်တွင် ကာဒီနယ်ချားလ်ဗိုလ်၏ လက်တော်မှတစ်သတ်သစ္စာကိုခံယူခဲ့ကြသည်။ ဤပွဲတော်သို့ ဖယ်ခုံသာသနာမှ ဂိုဏ်းအုပ်ဆရာတော် ပီတာလှနှင့် ဖယ်ခုံသာသနာမှ ဘုန်းတော်ကြီးများ၊ စိန်ဂျိုးဇက် ဘရာသာရ်များ ကြွရောက်ချီးမြှင့်အားပေးခဲ့ကြသည်။ ထို့ကြောင့် ဤပွဲတော်ကို အောင်မြင်စွာ ကျင်းပနိုင်သည့်အတွက် ဘုရားသခင်အား ကျေးဇူးတင်ရင်း တက်ရောက် အားပေးခဲ့ကြသော ဆရာတော်ကြီးများ၊ ဘုန်းတော်ကြီးများ၊ ဆလေးရှင်းမိသားဝင်များ၊ ဂိုဏ်းအသီးသီးမှ သီလရှင်များနှင့် သီလရှင်လောင်းများ၊ ရပ်နီးရပ်ဝေးမှဘာသာတူများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ပွဲတော် ဖြစ်မြောက်ရန် အဖက်ဖက်မှ ကူညီပေးကြသော ကျေးဇူးရှင်များအားလုံးကိုလည်း ဘုရားရှင်၏ ကျေးဇူးတော်အစဉ်အမြဲခံစားရပါစေကြောင်း ဆုမွန်တောင်းပေးအပ်ပါသည်။

၂၀၁၉ ခုနှစ်၊ မေလ (၁၃)ရက်နေ့တွင် အနီးစခန်း၊ ပြင်ဦးလွင်၊မော်နေးစေး

စာမျက်နှာ ၂၀ သို့

# SSVP စိန့်ဗင်းဆင်းဒီပေါလ်အသင်း၏ Systemic Change Seminar ဘက်စုံပြုပြင် ပြောင်းလဲခြင်း သင်တန်း

မြန်မာနိုင်ငံ SSVP စိန့်ဗင်းဆင်းဒီပေါလ်အသင်း "ကူညီရိုင်းပင် မြန်မာဖောင်ဒေးရှင်း" တည်ရှိသော သာသနာအချို့အတွက် System Change Seminar သင်တန်းကို ၂၀၁၉ မေလ ၁၈-၁၉ အထိ ရန်ကုန်သာသနာ စိန့်ပီတာနှင့်စိန့်ပေါလ် ဘုရားကျောင်း၌ ကျင်းပပြုခဲ့ကြပါသည်။

၎င်းသင်တန်းကို ဖိလစ်ပိုင် နိုင်ငံမှ စိန့်ဗင်းဆင်း ဒီပေါလ်အသင်းဂိုဏ်းမှ Rev. Fr. Gregorio Banaga, C.M၊ Ana Maria P. Escano (Philippines) နှင့် NC ဥက္ကဋ္ဌ ဆရာအယ်လ်ဖောင်းဇို ဦးကျော်မင်း၊ ဆရာမဒေါ်ရယ်ဂျီးနာခင်ညိုအေး၊ ဆရာမဒေါ်နန်းမွန်အေးနှင့် ဆရာမ အိမွန်မြင့်မောင်တို့မှပို့ချပေးခဲ့ကြပါသည်။

ပါဝင်တက်ရောက်သူ (၆၉) ဦးရှိပါသည်။

ဒက်ဇူးမယ်(I.S.R.)




# စိန့်ပေါလ် ကျောင်းသားဟောင်းများအသင်း မျက်နှာစုံညီပွဲတော်၊ တောင်ငူသာသနာ၊ ပွဲကုန်း၊ လိပ်သိုမြို့

တောင်ငူသာသနာ စိန့်ပေါလ် ရဟန်းဖြစ်တက္ကသိုလ် ကျောင်းသားဟောင်းများအသင်းကို ၂၀၁၉ ခုနှစ် မေလ ၈-၁၀ ရက်နေ့အထိ လိပ်သိုမြို့ တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။

ပထမနေ့တွင် ကျောင်းသားဟောင်း စာရင်းဝင်ဦးရေ ၅၉၀ ကျော်ထဲမှ ၁၈၀ ကျော်ရှိ နယ်အသီးသီးမှ ကျောင်းသားဟောင်းများ တက်ရောက်ပါဝင်ကာ တစ်ရက်တာ ဝတ်စောင့်ခြင်းနှင့် စိန့်ပေါလ် ကျောင်းသားဟောင်းအသင်း ဖြစ်ပေါ်လာရန် ဘုတ်အဖွဲ့နှင့် ကော်မတီများ စတင်ဖွဲ့စည်းခဲ့ပါသည်။ ဤအသင်း၏ ရည်ရွယ်ချက်သည် နိုင်ငံတော် တည်ဆောက်ရာတွင် အသင်းတော်မှ တထောင့်တနေရာ ပါဝင်ကူညီသွားရန်၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ယဉ်ကျေးမှု အနုပညာများတွင် အသင်းအနေဖြင့် လုပ်ဆောင်သွားမည်ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ကျောင်းသားဟောင်းများ ပျော်ရွှင်စွာဖြင့် ပြန်လည် တွေ့ဆုံကြရန်နှင့် သာသနာအတွက် ပြန်လည်ဆက်ကပ်နိုင်ရန် ဖြစ်ပါသည်။ ၎င်းအစီအစဉ်များတွင်လည်း တောင်ငူ ဂိုဏ်းအုပ်ဆရာတော်နှင့် ရဟန်းတော်များမှလည်း ပါဝင်ခဲ့ပါသည်။




ဒုတိယနေ့တွင် အဖွဲ့လိုက် အလုပ်ရုံဆွေးနွေးခြင်း များနှင့် ပြန်လည် တင်ပြသုံးသပ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ တနစ်တာ လက်တွေ့ အကောင်အထည် ဖော်ဆောင်ရန် လုပ်ဆောင်ချက်များကို ရေးဆွဲချမှတ် အတည်ပြုကာ အသင်း၏ ဗဟိုရုံးကို လိပ်သိုပွဲကုန်း ရဟန်းဖြစ်သင်ကျောင်း တွင်ထားရှိရန်သတ် မှတ်ခဲ့ပြီး အဖွဲ့လိုက် မှတ်တမ်း ဓာတ်ပုံရိုက် ကူးခြင်းများ ပြုလုပ်ခဲ့ပါသည်။

လာမည့် နှစ် ၂၀၂၀ ခုနှစ်တွင် စိန့်ပေါလ် ရဟန်းဖြစ်သင် ကျောင်း ဖွင့်လှစ်ခြင်း နှစ် (၅၀) ပြည့် ရွှေစင် ဂျူဘီလီ ပွဲတော်ကြီးကို လိပ်သိုပွဲကုန်းတွင် ကျင်းပရန်၊ မူပိုင် တေးစီးရီး ထုတ်လုပ်ဖြန့် ချီရန်နှင့် အသင်း၏ လမ်းညွှန်စာအုပ် ထုတ်ဝေရန် အတည်ပြုခဲ့ပါသည်။ ညပိုင်းအစီ အစဉ်တွင် ရဟန်းတော်များနှင့် အတူ စိန့်ပေါလ် ကျောင်းသားဟောင်းများ အတူတကွ မိတ်ဆုံစားပွဲနှင့် ဖျော်ဖြေမှုများဖြင့် အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

နှင်းစက်ငယ် (ကေတုမတီ)

# မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် လူငယ်ကော်မရှင် အလုပ်ရုံ ဆွေးနွေးပွဲ




မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်ကော်မရှင်၏ အစည်းဝေးကို ၂၀၁၉ ခုနှစ် မေလ ၂၈ ရက်နေ့တွင်စတင်ခဲ့ပါသည်။ အစည်းအဝေးတွင် လူငယ်ကော်မရှင်၏ နာယကဆရာတော် ဖရန်စစ်ဒေါ့တန်မှ လူငယ်တာဝန်ခံ ဘုန်းတော်ကြီးများနှင့် လူငယ်ခေါင်းဆောင်များအား ကြိုဆိုနှုတ်ဆက်ပြီး ရဟန်းမင်းကြီးဆိုင်ရာ လူငယ်များရဲ့ ညီလာခံ အတွေ့ကြုံအား ပြန်လည်မျှဝေခဲ့ပါသည်။

ထို့နောက် သာသနာအသီးသီးမှ လူငယ်တာဝန်ခံ ဘုန်းတော်ကြီးများနှင့် လူငယ်များ မိတ်ဆက်ခဲ့ကြပြီး ဒါရိုက်တာ အသစ်များအားလည်း လက်ဆောင်ပစ္စည်းများပေးအပ် ကြိုဆိုခဲ့ကြပါသည်။

National Catholic Youth Commission ၏ Director ဘုန်းတော်ကြီး Fr Joseph Er Khaw Htoo မှလည်း မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်ကော်မရှင်၏ လုပ်ဆောင်ခဲ့သောလှုပ်ရှားမှုများနှင့် ပြုလုပ်နေသော အရာများကိုလည်း ရှင်းလင်းတင်ပြခဲ့ပါသည်။

နေ့လည်ပိုင်းတွင် မြန်မာနိုင်ငံမှ လူကုန်ကူးမှုနှင့်သက်ဆိုင်သော အကြောင်းတရားများကို ရွှေ့ပြောင်း အလုပ်သမားအခွင့်ရေးကွန်ရက်နှင့်အတူ Talitha KUM အဖွဲ့က သီလရှင်များမှလည်း လူငယ်များလူကုန်ကူးခံရခြင်းနှင့် စပ်ဆိုင်သော ဗဟုသုတများ၊ သတင်းအချက်အလက်များ၊ ဆက်သွယ် လုပ်ဆောင်နိုင်မည့် အဆင့်ဆင့် အကြောင်း တရားများနှင့် ဥပဒေများကိုလည်း လာရောက် ဆွေးနွေးတိုင်ပင် ဝေမျှပေးခဲ့ပါသည်။ ထို့အပြင် လူငယ်များနှင့်ဘုန်းတော်ကြီးများ မေးမြန်းလာသော မေးခွန်းများကိုလည်း ပြန်လည် ရှင်းလင်းဖြေကြား ဆွေးနွေးခဲ့ကြပါသည်။.

ဆွေးနွေးမှုများ အဆုံးသတ်တွင် NCYC Director မှ လာရောက်ဝေမျှသော သီလရှင်များနှင့် ဆရာများကို အထူးကျေးဇူးတင်ကြောင်းပြောကြားခဲ့ပါသည်။

အဆုံးသတ်တွင် လူကုန်ကူးခံရသော လူများ၊ မတရားညှင်းပန်းခံရသောလူသားများအတွက် အတူတကွ ဆုတောင်းပြီး အစည်းဝေး ပထမနေ့ကို အဆုံးသတ်ခဲ့ပါသည်။

Fb - NCYC



# ကျွဲကျ တိုက်နယ် တည်ထောင်ခြင်း (၂၅) နှစ်ပြည့် ဂျူဘီလီ နှင့် သာသနာပြု ကလေးသူငယ်များ သင်တန်း



တောင်ငူသာသနာ ၊ကျွဲကျတိုက်နယ် (၂၅)နှစ်ပြည့် ဂျူဘီလီနှင့်တိုက်နယ်လုံးဆိုင်ရာ ရဟန်းမင်းကြီးဆိုင်ရာသာသနာပြုကလေးသူငယ်အသင်းသင်တန်းကို၂၀၁၉ ဧပြီလ ၁၅ မှ၂၁ ရက်နေ့ထိအထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂၀ ရက်နေ့ ညနေ ၄း၀၀နာရီ တွင် ဂျူဘီလီ မှတ်တိုင်ကောင်းချီးပေးခြင်းကို ကျောင်းထိုင် ဘုန်းတော်ကြီး ဟင်နရီတင်အောင်နှင့်Rev. Fr. ဘိုရိုတီးနိုအာနောင်းတို့မှ ဦးဆောင်ကောင်းချီးပေးပြီးစိပ်ပုတီးစိပ်ခဲ့ကြပါသည်။

၂၁ နေ့ နံနက်ပိုင်းတွင်ပါစကားပွဲတော်ကျေးဇူးတင် မစ္ဆားတရားတော်မြတ်တင်ပူဇော်ပြီး ညနေ ၄း၀၀ နာရီ တွင် ကျေးရွာအတွင်း ကိုယ်တော်မြတ်နှင့်အတူ အမိမယ်တော်သခင်မ အပါအဝင် စီတန်းလှည့်လည် ဝတ်ပြုဆုတောင်းခဲ့ကြသည်။

သင်တန်းကို သာသနာဗဟိုအဖွဲ့ သာသနာပြု ကလေးသူငယ်အသင်း ဥက္ကဌ Sr. ဘက်နက်ဒက် မြတ်နှင်းနွယ် နှင့်အတူ Sr. ချယ်လယ်စတီးနာ မိမိနိုင်၊ ဆရာမ နော်သုန်သုန်ကျော်၊ ဆရာမနော်ထူးထူး၊ ဆရာမ နော်ချယ်ရီဦးနှင့် တိုက်နယ် ကလေးတာဝန်ခံ TOT ဆရာ၊ ဆရာမများတို့မှ ပို့ချပေးခဲ့ကြ ပါသည်။ ပါဝင်တက်ရောက်သူ ကလေး သူငယ် များ (၁၂၇) ဦး နှင့် ပွဲတော်တွင် ဘုရားဖူး သူတော်စင်များ (၅၀၀) ကျော် ပါဝင်ခဲ့ကြ ပါသည်။

ဒက်ဖူးမယ်(I.S.R)

# တောင်ငူသာသနာ ဘီစီကုန်းတိုက်နယ် သာသနာ ပြုကလေးသင်တန်း



တောင်ငူသာသနာ၊ ဘီစီကုန်း တိုက်နယ် သာသနာပြုကလေးသူငယ်များ သင်တန်းကို၂၀၁၉ ဧပြီလ ၁၆ မှ၂၁ ရက်အထိ ဘီစီကုန်း ကက်သလစ် ဓမ္မာရုံ၌ ကျင်းပပြု လုပ်ခဲ့ပါသည်။

၎င်းသင်တန်းကို ကျောင်းထိုင် Rev. Fr. ကားလိုလော့၊ လက်ထောက် Rev. Fr. မောရစ်၊ သာသနာကလေးသူငယ် တာဝန်ခံ Sr. B. မြတ်နှင်းနွယ် ၊ Sr. ချယ်လယ်စတီးနာ မိမိနိုင်၊ Sr. ဘက်နက်ဒက် ယဉ်ယဉ်အေး၊ ဆရာမ ဒေါ်လူဆီအား ဝေမိုး၊ ဆရာမ ဒေါ်ခရစ္စတီးနာနှင့် တိုက်နယ် သာသနာပြု ကလေးTOTဆရာ၊ ဆရာမများ တို့ မှ ဝေ မျှ ပို့ ချ ပေး ခဲ့ ကြ ပါ သ ည် ။ ပါဝင်တက်ရောက်သူ (၂၂၇)ဦးရှိပါသည်။

ဒက်ဖူးမယ်(I.S.R)

# တောင်ကြီးဂိုဏ်းချုပ်သာသနာ သာသနာလုံးဆိုင်ရာ သာသနာပြု ကလေးသူငယ်များ သင်တန်း

တောင်ကြီးဂိုဏ်းချုပ်သာသနာ ၊ရဟန်းမင်းကြီးဆိုင်ရာသာသနာပြုကလေးသူငယ်များအ သင်းသင်တန်းအမှတ်စဉ်(၃)ကို သာသနာလုံးဆိုင်ရာ အတိုင်းအတာအနေဖြင့် ၂၀၁၉ ဧပြီလ ၂၅-၂၈ အထိ ဗဟိုတောင်ကြီးမြို့ကက်သလစ်ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြပါသည်။

၎င်းသင်တန်းကို ဂိုဏ်းချုပ်ဆရာတော်ကြီး ဘာစီးလျိုအားသိုင်နှင့် မွန်ဆီညော် Rev.Fr.ဆိုင်မွန်တို့မှ အားပေးအမှာစကားမြွက်ကြားပေးပြီး တောင်ကြီးသာသနာ၊ သာသနာပြုကလေး အသင်းဒါရိုက်တာ Rev.Fr.ဂျိုဝါးနီမောင်နီ၊ ကလေးတာဝန်ခံ ဥက္ကဌ Sr.ဂျူးဒစ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ PMS ဒါရိုက်တာ Rev. Fr. ဘယ်နယ်ဒစ်နိုနဲနယ်၊ Sr. ဘက်နက်ဒက်တာ တင်တင်မြင့်၊ တောင်ငူသာသနာမှ သာသနာပြု ကလေးတာဝန်ခံဥက္ကဌ Sr.ဘက်နက်ဒက်တာ မြတ်နှင်းနွယ်၊ Bro.ချားလ်စ်ဘို ၊ဆရာမဒေါ်နန်းဂျာ၊ Bro.ပေတြူးဖိုးထူး၊ ဒီကင် ပေတြူးမောင်ပိန်း၊Bro.ဖရန့်စစ်အောင်ကျော်၊Bro. လေအိုနယ်မောင်စီနှင့် Sr.ဘာနားဒါဘီး တို့မှ ဝေမျှပို့ချပေးခဲ့ကြပါသည်။ ပါဝင်တက်ရောက်သူ ကလေးသူငယ်များ (၂၀၁) ဦးရှိပါသည်။

Rev.Fr.ဂျိုဝါးနီမောင်နီ(တောင်ကြီး )



# လားရှိုး ဂိုဏ်အုပ် ဆရာတော် ဖိလစ်ဇဟောင်း ၏ ဆရာတော် ဝါတော် ၂၅ နှစ် ပြည့် ငွေစင်ဂျူဘီလီပွဲ





လားရှိုးဂိုဏ်အုပ်ဆရာတော်ဖိလစ်ဇဟောင်း၏ ဆရာတော်ဝါတော် ၂၅ နှစ်ပြည့် ငွေစင်ဂျူဘီလီပွဲကို ဧပြီလ ၂၉ ရက်နေ့ ညနေ ၇း၀၀ နာရီတွင် အကပဒေသာများ၊ ဖျော်ဖြေခြင်းအစီအစဉ်များဖြင့် စတင်ခဲ့ပါသည်။

ထို့နောက် ဧပြီလ ၃၀ ရက်နေ့တွင် ကျေးဇူးတော်ချီးမွမ်းခြင်း မစ္ဆားတရားကို ပြုလုပ်ခဲ့ပါသည်။ တစ်ဆက်တည်းတွင် အဖဆရာတော်အားဂုဏ်ပြုခြင်း အစီစဉ် ကို လားရှိုးမြို့၊ ရပ်ကွက် ၂ ရှိ ယေရှုးရွှေနှလုံးတော် ကာဒီဒြယ် ကျောင်းဝင်းတွင်ပြုလုပ်ခဲ့ပါသည်။

Lashio-Osc

# တောင်ငူသာသနာ သံမိုးတောင်တိုက်နယ် ပုပ်ရဟန်းမင်းကြီးဆိုင်ရာ သာသနာပြုကလေးသူငယ်များသင်တန်း၊ ဇလဲကျေးရွာအုပ်စု



သံမိုးတောင်တိုက်နယ်၊ ဇလဲအုပ်စု တောင်ဇလဲကျေးရွာတွင် ပုပ်ရဟန်းမင်းကြီးဆိုင်ရာသာသနာပြုကလေးသူငယ်များသင်တန်းကို ၂-၆.၅. ၂၀၁၉ ခုနှစ်တွင် ဇလဲအုပ်စုဖြစ်သော ဇလဲကမ္ဘလာခြံ၊ အထက်ဇလဲ၊ အောက်ဇလဲ၊ တောင်ဇလဲနှင့် ကော်ပတ်ခြံကျေးရွာများမှ သာသနာပြု ကလေးသူငယ်များ တက်ရောက်ပါဝင်ခဲ့ပါသည်။

၎င်းသင်တန်းကို သာသနာပြု ကလေးသူငယ်များ တာဝန်ခံ ဘုန်းတော်ကြီး ဖာသာရ်စတာနီစလော့စ် ကျော်လွင်ဦး၊ တာဝန်ခံ မာသာရ် မာဒလေးနာ ခင်မာဝင်း၊ ဘရာသာရ် နေဆန်းသက်၊ ဘရာသာရ် စောချားလ်စ်ဘိုနှင့် TOT ဦးဆောင်မှု သင်တန်းဆင်းသော တိုက်နယ် သင်တန်းမှူးများ ဦးဆောင်ပါဝင်ခဲ့ပါသည်။ သင်တန်းကာလ အတွင်း သာသနာပြုကလေး သူငယ်များ၏ မဖြစ်မနေ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားနှင့် နေ့စဉ်လုပ်ဆောင် ရမည့် အရာများကို သင်ကြားပေးသည့်အပြင် ကလေးသူငယ်များ လိမ်မာယဉ်ကျေးမှု ရှိစေရေး၊ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်သော ကလေးသူငယ်များ ဖြစ်စေရေးနှင့် အကျင့်စာရိတ္တ ကောင်းမွန်ရေး အတွက် ကျန်းမာရေးအသိပညာ၊ ဗဟုသုတများကိုလည်း သင်ကြားပေးခဲ့ပါသည်။ကျေးရွာ ၅ ရွာ မှ သာသနာပြုကလေးသူငယ်များ စုစုပေါင်း ၁၀၈ ဦး တက်ရောက်ပါဝင်ခဲ့ပါသည်။

နင်းစက်ငယ် (ကေတုမတီ)

# ဘုရားကျောင်းရေစက်ချပွဲနှင့် ကလေးသူငယ်များ ခရစ္စမားအားပေးခြင်း

တောင်ငူသာသနာ၊ လိပ်သိုတိုက်နယ် လှတ်အင်းရွာဟောင်း ယေရှုးရွှေနှလုံးတော် ဘုရားရှစ်ခိုးကျောင်းတော်ကြီး ရေစက်ချပွဲနှင့် ကလေးများခရစ္စမားအားပေးခြင်း စက္ကရာမင်းတူးခံယူပွဲကို၂၀၁၉ ဧပြီလ ၂၂ မှ ၂၃ နေ့ထိ ကျင်းပပြုလုပ်ခဲ့ကြပါသည်။

၂၂ ရက်နေ့ ညနေပိုင်းတွင် ဆရာတော်အိုက်ဇက်ဓာနမှ ရေစက်ချ ကောင်းချီးမင်္ဂလာပေးခဲ့ပြီး ကလေးသူငယ်များကို ၂၃ရက်နေ့ နံနက်ပိုင်းခရစ္စမားအားပေးခြင်း ပေးခဲ့ပါသည်။ ပွဲတော်တွင် ပါဝင်တက်ရောက် သူ (၅၀၀)ကျော်ရှိပါသည်။

ဒက်ဖူးမယ်(I.S.R)



# စန့်ပီတာဘုရားကျောင်း (၂၅)နှစ်ပြည့် ဂျူဗီလီပွဲကျင်းပခြင်း



ဖယ်ခုံ ကက်သလစ် ဂိုဏ်းအုပ်သာသနာ၊ လွယ်ယင်း မင်္ဂလာတိုက်နယ် ဇပဟို စိန့်ပီတာဘုရားကျောင်း၏ (၂၅)နှစ်ပြည့် ဂျူဗီလီပွဲကို ၂၀၁၉ ခုနှစ် မေလ ၂၁ ရက်နေ့ ညနေ ၅ နာရီ အချိန်တိုက်နယ် ဘုရားကျောင်းဝင်းတွင် ဂျူဘီလီ မှတ်တိုင် ကောင်းချီးပေးခြင်း နှင့် စိပ်ပုတီးစိပ်ခြင်းကို ဖယ်ခုံ ကက်သလစ် သာသနာ ဂိုဏ်းအုပ်ဆရာတော် ပီတာလု မှကြီးမှူး၍ ဆောင်ရွက်ခဲ့ပါသည်။

ထိုအခန်းအနားတွင် အဖ ဆရာတော်မှ "ဘုရားကျောင်းတော်သည် ဘုရားသခင်ကိန်းဝပ်ရာ၊ ကျေးဇူးတော် အပေါင်းစီးဆင်းရာ၊ ဝတ်ပြုကိုးကွယ်ရာ သန့်ရှင်းသော နေရာဖြစ်ကြောင်းနှင့် မိမိ၏ခန္ဓာတော်သည်လည်း သန့်ရှင်းသော ဝိညာဉ်တော်ဘုရား ကိန်းဝပ်ရာ ဗိမ္မာန်တော်ဖြစ်သည့် အတွက် အမြဲသန့်ရှင်းစွာထားရန်လိုအပ်ကြောင်း" မိန့်မှာတော်မူခဲ့ပါသည်။

ဝတ်ပြုခြင်းအပြီးတွင် ဖျော်ဖြေရေးအဖြစ် ရိုးရာ ယဉ်ကျေးမှု အကပဒေသာများဖြင့် ကပြ ဖျော်ဖြေခဲ့ကြပါသည်။

ထိုနောက် မေလ ၂၂ ရက်နေ့ နံနက် ၇ နာရီအချိန်တွင် ကျေးဇူးတင် မစ္စားတရားတော်မြတ်ကို အဖဆရာတော် မှ ဆက်လက်၍ ဦးဆောင်ပူဇော်ပေး ခဲ့ကြပါသည်။ ထို မစ္စား တရားတော်မြတ်တွင် တရားရေအေးတိုက်ကျွေးသော ဖါသာရ်သောမတ်စ် ချစ်သား မှ "ဘုရားကျောင်း၏ အလှသည် ဆေးရောင်ခြယ်ခြင်း၊ ပန်းထိုးခြင်းများအပေါ် မူတည်နေသည် မဟုတ်ဘဲ ဘာသာတူများ ဘုရားကျောင်းတက်ခြင်းနှင့်သာယာသော ချီးမွမ်းသံများဖြင့် ပြည့်နက်နေခြင်းအပေါ် မူတည်နေ၍သာ လှပမည်ဖြစ်ကြောင်းနှင့် ဘုရားကျောင်း၏ ဂုဏ်သိက္ခာသည် ဘာသာတူတို့၏ စည်းလုံးခြင်း၊ သနားကြင်နာကြခြင်း၊ စိတ်ကောင်းနှလုံးကောင်းထားရှိခြင်းနှင့်သာ သက်ဆိုင်သည်။ (၂၅) နှစ်တိုင်တိုင် ခိုင်ခန့်လှပစွာရပ်တည်ခဲ့သော စိန့်ပီတာ ဘုရားကျောင်းတော်ကြီးကိုမနာလိုမုန်းတီးခြင်း၊ ပျင်းရိခြင်း၊ စိတ်ဝမ်းကွဲစေသော အပြုအမူ၊ အပြောအဆိုများဖြင့် အရောင်မဆိုးမိရန် ကြိုးစားဖို့လိုကြောင်း" ဟောကြားတော်မူသည်။

ထို မစ္စား တရားတော်မြတ်တွင် အဖ ဆရာတော်ဘုရားနှင့်အတူ ရဟန်းဘုန်းတော်ကြီး ၂၅ ပါး နှင့် ဘာသာတူ တစ်ထောင်ကျော် ပါဝင်တက်ရောက် ဆုတောင်းခဲ့ကြပါသည်။

OSC PEKHON



# ကရုဏာ - တောင်ကြီး (KMSS-TGI) (၂၅) နှစ်ပြည့် ဂျူဘီလီ ကျင်းပခြင်း

ကရုဏာ လူမှု စည်းလုံး ညီညွတ်ရေးအသင်း တောင်ကြီး (KMSS-TGI) သည် ၁၉၉၄ ခုနှစ် ဧပြီလ (၁၆) ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဧပြီလ (၁၆)ရက်နေ့တွင် (၂၅) နှစ်ပြည့်ခဲ့ပြီဖြစ်ပါသည်။

ငွေစင် ဂျူဘီလီ အထိမ်းအမှတ်ပွဲ ဂျူဘီလီ မစ္စားတရားတော်အား ၂၀၁၉ ခုနှစ် မေလ ၁၀ ရက်နေ့နံနက် (၈) နာရီအချိန်တွင် တောင်ကြီး စိန့်ဂျိုးဇက် ဇပဟိုဘုရားရှိခိုးကျောင်း၌ ဂိုဏ်းချုပ်ဆရာတော်ကြီး Basilio Athai ဦးဆောင်ပြီး ကျင်းပရာ ဆရာတော်ကြီး Matthias U Swe (ငြိမ်း) နှင့်တစ်ကွ တိုက်နယ်အသီးသီးမှ ဘုန်းတော်ကြီးများ ဖိတ်ကြားထားသော ကရုဏာ Director များ၊ အသင်းဂိုဏ်းအသီးသီးမှ သီလရှင်များ ကရုဏာ အသင်းသူအသင်းသားများ နှင့် ဘာသာသူများပါဝင်ကျင်းပကြပါသည်။

မစ္စားမစတင်မီ ဂိုဏ်းချုပ် ဆရာတော်ကြီး Basilio Athai က ဂျူဘီလီကျောက် ပြားကို ကောင်းချီးမင်္ဂလာပေးပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်းချီးပေးပါသည်။

မစ္စားတွင် ရန်ကုန်ဂိုဏ်းချုပ် သာသနာ ကရုဏာ ဒါရိုက်တာ Fr. Joseph Mg Win မှ ကရုဏာနှင့် စပ်လျဥ်းပြီး အကျယ်တဝင့်ပြောကြားသွားပါသည်။

အထွေထွေဆုတောင်းခြင်း အစီအစဉ်တွင် တိုင်းရင်းသားဘာသာစကားများဖြင့် အသီးသီးတောင်းခံ ဆုတောင်းခဲ့သည်။

၎င်းနောက် တောင်ကြီးကရုဏာ Director Fr. Paul Oo Nan မှ သ ၁သနာ အသီးသီးမှ တက်ရောက်လာသော ကရုဏာ Director များ နှင့်မိတ်ဆက်ပေးပြီး ဆရာတော်များ ဘုန်းတော်ကြီးများထံမှ ကောင်းချီးမင်္ဂလာခံယူကာ ဂျူဘီလီ မစ္စားတရားတော်အား အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါသည်။

ဂျူဘီလီ မိတ်ဆုံစားပွဲကို ၂၀၁၉ မေလ(၁၀)ရက်နေ့နံနက်(၁၁)နာရီတွင် အောက်မေ့ဘွယ် လေးထပ်တိုက်မွှာရုံ၌ ကျင်းပပြုလုပ်ပါသည်။

မိတ်ဆုံစားပွဲသို့ ဂိုဏ်းချုပ်ဆရာတော်ကြီး Basilio Athai ဆရာတော်ကြီး Matthias U Shwe ၊ လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးရှဲန် ပြည်နယ်တရားသူကြီးချုပ် ဦးကြွယ်ကြွယ် သာသနာရေးတာဝန်ခံဝန်ကြီး ဒေါက်တာအောင်သန်းမောင် ကယားတိုင်းရင်းသားရေးရာဝန်ကြီး အင်းတိုင်းရင်းသားရေးရာဝန်ကြီးတို့နှင့်တကွ ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဘာသာတူများတက်ရောက်ကြပါသည်။

အစီအစဉ်အရ ကရုဏာ - တောင်ကြီး အသင်းသူ/သားများက အဖွင့်သီချင်းသီဆိုပြီးဂိုဏ်းချုပ်ဆရာတော်ကြီး Basilio Athai မှကြိုဆိုနှုတ်ဆက်အမှာ စကားပြောကြားပါသည်။ ပြည်နယ်အစိုးရ ဝန်ကြီးချုပ်ကိုယ်စားသာသနာရေးတာဝန်ခံ ဒေါက်တာအောင်သန်းမောင်မှအမှာစကားပြောကြားပါသည်။

ဆရာတော်ကြီး Matthias U Shwe က ကရုဏာအသင်း တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသွားပြီး National ကရုဏာ ဒါရိုက်တာ ဒေါက်တာ ဝင်းထွန်းကြည်က ကရုဏာလုပ်ငန်းစဉ် အကြောင်း ပြောကြားသွားပါသည်။

ကရုဏာ-တောင်ငူ၊ ကရုဏာ - ဖယ်ခုံ၊ ကရုဏာ - လွိုင်ကော်တို့မှ တေးသီချင်းဖြင့်ဂုဏ်ပြု သီဆိုကြပါသည်။

၎င်းနောက် တောင်ကြီးကရုဏာ Director Fr. Paul Oo Nan က တောင်ကြီး ကရုဏာ လုပ်ဆောင်ခဲ့သော လုပ်ငန်းဆောင်တာများကို အကျဉ်းချုံးပြီးပြောကြားသွားပါသည်။

မိတ်ဆုံစားပွဲ စားသုံးရန် အစားအစာအတွက် ရန်ကုန်ကရုဏာ Fr. Joseph Mg Win ကောင်းချီးတောင်းခံပေးခြင်းဖြင့် မိတ်ဆုံ စားပွဲစားသုံးကြကာ ကရုဏာ တောင်ကြီး (၂၅) နှစ်ပြည့် ဂျူဘီလီမိတ်ဆုံ စားပွဲအား အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါ သည်။

FB-Sai Sheng



# ချွန်ကျုံးရွာ ကက်သလစ်နှစ် ၅၀ ပြည့် ရွှေစင်ဂျူဘီလီပွဲတော်ကျင်းပခြင်း



ဟားခါး စိန့်ဂျိုးဇက် ကက်သီဒြယ်ဖုံ၊ ချွန်ကျုံးစီရင်စု သို့ ကက်သလစ်သာသနာရောက်ရှိခြင်း နှစ် ၅၀ ပြည့်ရွှေစင်ဂျူဘီလီပွဲတော်နှင့် စိန့်ပေါလ်ဘုရားကျောင်းဆောင်သစ်ကို ၂၀၁၉ ခုနှစ်၊ မေလ (၁၉) ရက်၊ တနင်္ဂနွေနေ့ နံနက် (၁၀) နာရီအချိန်တွင် ဟားခါးသာသနာပိုင် ဆရာတော် လူးစီယပ် ဟရယ်ကုန်း အမှူးပြု၍ ဘုန်းတော်ကြီး (၁၈) ပါးတို့ ခြံရံလျက် မေတ္တာရေ ပက်ဖျန်း၍ ကောင်းချီးပေးခြင်းဖြင့် ဖွင့်လှစ်ပေးခဲ့ပြီး မစ္ဆားပူဇော်ခြင်းအားဖြင့် အထံတော်သို့ အပ်နှံခဲ့ပါသည်။

ထိုပွဲတော်သို့ ဟားခါးသာသနာမှ ဘုန်းတော်ကြီး ၁၈ ပါး၊ သီလရှင် (၈) ပါး၊ ဘာသာဝင်များ၊ဖိတ်ကြားထားသူများ၊အနီးအနားရှိရွာများနှင့် ဟားခါးမြို့ပေါ်မှ ဘာသာဝင်များနှင့် လေ့လာသူများ၊ ချွန်ကျုံးရွာမှ လူထုပရိတ်သက်များ စုစုပေါင်း (၁၀၀၀) ကျော် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရပါသည်။ ပွဲတော်တွင် ဂျူဘီလီရှင် ဓမ္မဆရာ ပေါလ်လျန်ချင်း (Paul Lian Chin) မှ ပြောပြသော ချွန်ကျုံးရွာ သို့ ကက်သလစ်သာသနာရောက်ရှိခြင်းနှင့် လက်ရှိသမိုင်း အကျဉ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁၅၊ ၅၊ ၁၉၆၉ ဆရာဆုန်ဟရန်နှင့် ဆရာနိအဲလ်ဆန်လင်းတို့သည် ချွန်ကျုံးရွာသို့ ရောက်ရှိခဲ့ပြီး ဦးဇတွန့်အိမ်တွင် တည်းခိုခဲ့ကြသည်။

၆၊ ၈၊ ၁၉၆၀ Rev. Fr. Claude Roy နှင့် Rev. Fr. Andre Bareights တို့သည် ချွန်ကျုံးရွာသို့ ရောက်ရှိပြီး ကျေးရွာဥက္ကဋ္ဌဟောင်း ဦးဟရန်ပေါင်းနေအိမ်တွင် တည်းခိုကာ ပထမဆုံးအကြိမ် မစ္ဆားပူဇော်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။

၈၊ ၈၊ ၂၉၆၀ နေ့တွင် ဆရာနိအဲလ်ဆန်လင်းမှ ဦးဇတွန့်၊ ဦးနမ်ကီယို၊ ဦးဟရန်လင်း (ယခု ဂျူဘီလီရှင် ဆရာပေါလ်လျန်ချင်း၏ ဖခင်) တို့အား ဘုရားစကားသင်ပေးခဲ့ရာ ၎င်းတို့မှာ ချွန်ကျုံးရွာ၏ ပထမဆုံး ကက်သလစ်ဘာသာ လက်ခံသူများဖြစ်လာကြသည်။ (ဤနှစ်မှ ၁၉၆၈ ခုနှစ် အထိ ဆေးကြောခြင်း မင်္ဂလာခံယူသူများ မရှိသေးပေ)

၂၉၊ ၉၊ ၁၉၆၈ ခုနှစ်တွင် Thomas Hrang Ling (သောမစ် ဟရန်လင်း) နှင့် Paul Lian Chin (ပေါလ်လျန်ချင်း) တို့ကို Rev. Fr. Flavian Hrang Hluan မှ ဟားခါးမြို့တွင် ဆေးကြောခြင်း မင်္ဂလာပေးခဲ့ပြီး သူတို့သည်ချွန်ကျုံးရွာကက်သလစ်ဘာသာဝင်များထဲမှ ပထမဆုံးဆေးကြောခြင်း ခံသူများဖြစ်ခဲ့ကြသည်။

ဟားခါးမြို့တွင် သီတင်းသုံး၍ ချွန်ကျုံးရွာ ကက်သလစ် သာသာဝင်များအား ဝိညာဉ်အစာကျွေးမွေးသော ဘုန်းတော်ကြီးများမှာ (1) Rev. Fr. Claude Roy (1958-66), (2) Rev. Fr. Flavian Hrang Hluan (1967-74), (3) Rev. Fr. Paulinus Mang Ha Gei (1973-74), (4) Rev. Fr.Alphones Ko Lay (1974-82), (5) Rev. Fr. Andrew Thang Za Khai (1983-99), (6) Rev. Fr. Paul Thla Kio (1999-2007), (7) Rev. Fr. Lucius Hre Kung (Bp) (2007-2008), (8) Rev. Fr. Lucas Tha Ling Sum (20 16-2017) တို့ဖြစ်ကြပြီး စီရင်စုအဖြစ်ရပ်တည်ပြီးမှ ကျောင်းထိုင်သော ဘုန်းတော်ကြီးများမှာ (1) Rev. Fr. Basil Hrang Cung (2008-2009), (2) Rev. Fr. Joseph Lal Ngil Neia (2009-2010), (3) Rev. Fr. Joseph Ro Nei Thang (2011- ), (4) Rev. Fr. John Om Ling Ghung (2012-2016) နှင့် (5) Rev. Fr. Thomas Khua Uk Lian Mawi (2017- ယနေ့ထိ) တို့ဖြစ်ကြပါသည်။

ချွန်ကျုံးရွာသို့ ကက်သလစ်သာသနာရောက်ရှိပြီး နှစ် ၅၀ အတွင်း ရွာခံ ဘုရားအမှုတော်ဆောင်များမှာ ဘုန်းတော်ကြီး Rev. Fr. Ahraham Hrang Hit (1991 မှ ယနေ့ထိ)၊ Sr. Paulina Par Cung (JSA) (၁၉၉၈ မှ ယနေ့ထိ) နှင့် ဓမ္မဆရာများမှာ ဆရာ Timothy ဟရန်ဇေလ်၊ ဆရာ Paul လျန်ချင်း၊ ဆရာ Lawrence ချာန်ကုန်လျန်၊ ဆရာ Dominic Siang Mang Lian တို့ဖြစ်ကြပါသည်။ အထက်ပါ ဘုရားအမှုတော်ဆောင်များအနက် ဆရာ ပေါလ်လျန်ချင်း တစ်ဦးတည်းသာ နှစ် ၅၀ ဂျူဘီလီရှင်ဖြစ်ပါသည်။

ဓမ္မဆရာ ပေါလ်လျန်ချင်း သည် အဖဦးဟရန်လင်းနှင့် အမိဒေါ်ဇိန်မဲန်တို့က ၁၉၅၂ ခုနှစ် နိုဝင်ဘာလ (၁၆) ရက်နေ့တွင် ချွန်ကျုံးရွာ၌ မွေးဖွားခဲ့ပါသည်။ မွေးချင်းလေးယောက်အနက် အကြီးဆုံးသားဖြစ်သည်။ ၁၉၆၈ ခု စက်တင်ဘာလ ၂၉ ရက်နေ့တွင် အဖ ဦးဟရန်လင်းနှင့်အတူ Rev. Fr. Flavian Hrang Hluan လက်တော်မှ ဆေးကြောခြင်း မင်္ဂလာကို ခံယူသည်။ သူတို့သည် ချွန်ကျုံး ကက်သလစ်ဘာသာဝင်များထဲမှ ပထမဦးဆုံး ဆေးကြောခြင်း မင်္ဂလာ ခံယူသူများဖြစ်ကြပါသည်။

ဆရာပေါလ်လျန်ချင်းသည် ၁၉၇၆ ခုနှစ်တွင် ကျောင်းဆရာလောကသို့ ဝင်ရောက် ၍ ၁၉၉၆ ခုနှစ်တွင် အငြိမ်းစားအနားယူခဲ့သည်။ ၁၉၉၇ ခုနှစ် ဇန္နဝါရီလ (၁) ရက်နေ့မှ စတင်၍ ဓမ္မဆရာ (Catechist) အဖြစ် စတင်ဘုရားအမှုတော်ထမ်းဆောင်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ဒေါ် Elizabeth တီလ်လှဲနှင့် မင်္ဂလာဆောင်ခဲ့ပြီး သား (၅) ယောက် ထွန်းကားခဲ့သည်။ ယခုအခါ မြေးယောက်ျား (၅) ယောက်နှင့် မိန်းကလေး (၆) ယောက် စုစုပေါင်း (၁၁) ယောက်ရရှိပြီး ဟားခါးမြို့နယ်၊ ချွန်ကျုံးရွာ နေအိမ်တွင် ပျော်ရွှင်စွာ ဘုရားအမှုတော်ဆောင်ရင်း မိသားစုနှင့်အတူ နေထိုင်လျက်ရှိပါသည်။

ဟားခါးသာသနာအတွင်း ကက်သလစ်ဘာသာ အမြန်တိုးတက်ထွန်းကားပါစေဟု အမြဲဆုတောင်းလျက်ရှိကြောင်း ဆရာပေါလ်လျန်ချင်းမှ ပြောပြပါသည်။

နော်ဘတ်ကျော်လင်း
OSC, Hakha Diocese



စာမျက်နှာ ၁၆ မှ အဆက်

ဆလေးရှင်း သီလရှင်ကျောင်းတွင် သီလ ရှင်လောင်း ကက်သရီးနား ဟောင်းလွန် ဘွိုင်းနှင့် သီလရှင်လောင်း ထရေဇား ဂျာ ဘောက်တို့သည် ခရစ်ယာန်တို့အားမှီုင်းမ တော်မူသော မယ်တော်သခင်မ၏ သမီးများ (ဆလေးရှင်း) သီလရှင်အသင်းဂိုဏ်းတွင်ဆလေးရှင်းဂိုဏ်း၏ အကြီးအကဲဖြစ်သူ ဖာသာရ် ချားလ်စ်စောသီဟန်လွင်၏ မျက် မှောက်တွင် ပထမယာယီသစ္စာကို ခံယူခဲ့ ကြသည်။

FMA - SC

## သခင်ယေရှု ရွှေနှလုံးတော်အား သဒ္ဓါကြည်ညိုခြင်း

သခင်ယေရှု ရွှေနှလုံးတော်အား သဒ္ဓါကြည်ညိုခြင်းဆိုသည်မှာ သူ၏ ကာယ်တင်ခြင်းပေးသော မေတ္တာတော်ကို မြင်နိုင်သော နှလုံးသားဖြင့် ဖေါ်ကျူးထားခြင်းပင်ဖြစ်သည်။

အေဒီ ၁၀၅၀ နှင့် ၁၁၅၀ အကြားနှစ်များတွင် သခင်ခရစ်တော်၏ ဒုက္ခ ခံထမ်းတော်မူခြင်း အသေခံခြင်းတို့ကို ထောက်ရှုဆင် ခြင်ကာ ကိုယ်တော်ရှင်၏ ပေးဆပ်ခြင်းကို ဟောကြားခဲ့ကြသော ရဟန္တာ ဘားနတ်၊ ရဟန္တာ ဘော်နာဗင်းများတို့ကြောင့် ပိုရှိလာသိများလာခဲ့သည်။ ထိုမှ ခေတ်အဆက်ဆက် ရဟန္တာ များစွာတို့သည် ဘုရားသခင်၏ ချစ်ခြင်း မေတ္တာတော် အကြောင်း ပိုမိုဟောပြောခဲ့ကြသည်။

သခင်ယေရှုရွှေနှလုံးတော်အား သဒ္ဓါကြည်ညိုခြင်းနှင့် ဆက်စပ်မှု အရှိဆုံး ရဟန္တာမှာ ပြင်သစ်ပြည်မှ မာဂရက်မေရီ ဖြစ်သည်။ သူမသည် သီလရှင်တစ်ပါးဖြစ်သည်။ သခင်ယေရှု ရွှေနှလုံးတော်အား ရူပါရုံဖူးမြင်ရသည်ကို ပြောပြသောအခါ အကြီးအကဲလုပ်သူက စိတ်ကယောင်ချောက်ခြား ပြောနေသည်ဟု ကြိမ်းမောင်းကာ မယုံကြည်သည့်အပြင် နောက်ထပ် မပြောရန် ပိတ်ပင်ခဲ့သည်။ တနေ့တွင် မာဂရက်မေရီ အပြင်းအထန် ဖျားနာခဲ့သည်။ အကြီးအကဲက အကယ်၍ သူမ နေကောင်းလာလျှင် ရူပါရုံမြင်ရသည်ကို ယုံကြည်လက်ခံမည်ဟု ပြောခဲ့ရာ တခဏချင်းတွင်ပင် ပြန်လည်ကျန်းမာလာခဲ့သည်။ ထိုအခါမှသာ စစ္စတာ မာဂရက်မေရီသည် သူမမြင်တွေ့ရသော ရူပါရုံအကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောပြခွင့်ရခဲ့သည်။

ပထမဦးဆုံးတွေ့မြင်ခဲ့ရသော နေ့မှာ ၁၆၇၃ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့ ဖြစ်သည်။ ၁၆၇၄ နှစ်တွင်လည်း နှစ်ကြိမ် ပြန်လည်ထင်ရှားပြခဲ့သည်။ သခင်ယေရှု ထင်ရှားပြစဥ်ပြောခဲ့သော စကားများကို စာဖြင့် ပြန်လည်ရေးသားခဲ့ရာ ထိုစာများသည် အလျင်အမြန်ပြန့်နှံ့သွားခဲ့သည်။ သခင်ယေရှု ရွှေနှလုံးတော်၏ အကြောင်းကိုလည်း လူများ အကြား ပိုမိုစိတ်ဝင်စားလာခဲ့သည်။

၁၇၆၅ ခုနှစ် ဖေဖေါ်ဝါရီလ ၂၆ ရက်နေ့တွင် ပုပ်ရဟန်းမင်းကြီး အဌမမြောက် ကလေးမင်းက သခင်ယေရှုရွှေနှလုံးတော်ပွဲနေ့ကို သတ်မှတ်ပေးခဲ့သည်။ ထို့နောက် ရဟန်းမင်းကြီး နဝမမြောက် ပီအုစ် က ၁၈၅၆ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့တွင် ဤပွဲတော်အား အသင်းတော်တစ်ရလုံးတွင် ကျင်းပရန် ကြေငြာထုတ်ပြန်ခဲ့သည်။ သခင်ယေရှု ရွှေနှလုံးသဒ္ဓါကြည်ညိုခြင်းသည် အတိုက်အခိုက် အဝေဖန်များကိုလည်း ရင်ဆိုင်ခဲ့ရသည်။ သို့သော် ထို မဟုတ်မမှန် ဝေဖန်ထိုးနှက်ချက်များကို ရဟန်းမင်းကြီး ဆဌမမြောက် ပီအုစ် က Auctorem Fidei ဆိုသော စာချွန်တော်ကို ၁၇၉၄ ခု ဩဂုတ်လ ၂၈ ရက်နေ့တွင် ထုတ်ပြန် ကာ ချေပခဲ့သည်။

သခင်ယေရှုရွှေနှလုံးတော်အား သဒ္ဓါကြည်ညိုခြင်းကို ပိုမို ခိုင်မာစေသော အချက်မှာ ရူပါရုံမြင်သော စစ္စတာ မာဂရက်မေရီအား ၁၈၆၄ ခု စက်တင်ဘာလ ၁၈ ရက်နေ့တွင် သူတော်မြတ် အဖြစ် ကြေငြာခဲ့ပြီး ၁၉၂၀ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ရဟန်းမင်းကြီး ၁၅ ကြိမ်မြောက် ဘယ်နဒစ်က ရဟန္တာ အဖြစ် တင်မြှောက်ပေးခဲ့ခြင်းဖြစ်သည်။ သူမ၏ ဝိညာဉ်ရေးလမ်းညွှန်ဘုန်းတော်ကြီး ဖါသာရ် ကလော့က် ဒယ်လာ ကိုလမ်ဘီရဲ ကိုလည်း ၁၉၉၂ ခု ဇွန်လ ၂၆ ရက်နေ့တွင် သူတော်မြတ်အဖြစ် ကြေငြာခဲ့သည်။

ထို့နောက်တွင် ယုံကြည်သူဘာသာဝင်များအား ရွှေနှလုံးထံအပ်နှံပူဇော်ခြင်း ကို ၁၈၇၅ ခုနှစ်တွင်လည်းကောင်း၊ လူသားထုတစ်ရပ် လုံးအား အပ်နှံပူဇော်ခြင်းကို ၁၈၉၉ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ရဟန်းမင်းကြီး ၁၃ ကြိမ်မြောက် လေအိုမှ ဦးဆောင် ကာ ပြုလုပ်ခဲ့သည်။ ရဟန်းမင်းကြီး အဆက်ဆက် ဤ သဒ္ဓါကြည်ညိုခြင်းကို ပိုမိုခိုင်မာအောင် ဆောက်တည်ပေးခဲ့ကြသည်ကို အထင်အရှားတွေ့မြင်နိုင်သည်။ ၁၁ ကြိမ်မြောက် ပီအုစ် က ၁၉၂၈ ခု မေလ ၈ ရက်နေ့စာချွန်တော်ဖြင့် ရွှေနှလုံးတော် ထိခိုက်ပြစ်မှားမိသော အပြစ်များအတွက် ဆပ်ဖြေခြင်းပြုလုပ်ရန် ဝတ္တရားရှိကြောင်း မိန့်မှာခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ရဟန်းမင်းကြီး ၁၂ ကြိမ်မြောက် ပီအုစ် ရွှေနှလုံးတော်အား သဒ္ဓါကြည်ညိုခြင်း၏ သဘောတရားနှင့် နည်းလမ်းများကို Haurientis Aqua ဆိုသည့် စာချွန်တော်ဖြင့် ရှင်းလင်းစွာ သင်ကြားခဲ့သည်။

ယေရှု ရွှေနှလုံးတော်၏ ပွဲတော်အား သန့်ရှင်းသော ဝိညာဉ်တော်ဘုရားဆင်းကြွသည့် ပင်တကော့စ် ပွဲတော်အပြီး ဒုတိယ တနင်္ဂနွေနေ့တွင် ကျင်းပလေ့ ရှိသည်။ ယခုနှစ် ၂၀၁၇ ခုနှစ်တွင် ဇွန်လ ၂၅ ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။

ရွှေနှလုံးတော်အား သဒ္ဓါကြည်ညိုခြင်း ကို ပထမသောကြာနေ့တိုင်းတွင် အထူးပြုလုပ်ကြသည်။ ဤသည်မှာ မာဂရက်မေရီအား သခင်ယေရှုထင်ရှားပြစဥ်က ပေးထားခဲ့သော ကတိတော်ကြောင့်ဖြစ်သည်။ သခင်ယေရှု ရွှေနှလုံးတော်က လ၏ ပထမ သောကြာနေ့တိုင်းကို ရွှေနှလုံးတော်အတွက် ပူဇော်ဆက်ကပ်ပြီး ရွှေနှလုံးတော်အား ဝတ်ပြုကိုးကွယ်ရန် သန့်ရှင်းသော နေ့ရက်တစ်ခုအဖြစ် ထားရှိစေရန် အလိုရှိကြောင်း မာဂရက်မေရီက ပြောပြခဲ့သည်။ ထိုကဲ့သို့ လ၏ ပထမ သောကြာနေ့တွင် ကိုးလဆက်တိုက် မပျက်မကွက် အာပတ်ဖြေခြင်း၊ ကိုယ်တော်မြတ်ပင့်ယူခြင်းစတ္တရမင်းတူးများခံယူကာ ဒဏ်ဆပ်ဖြေခြင်းပြုသူတို့အား ကျေးဇူးတော်မခံ မယူရဘဲ မသေစေရဟု ကတိထားခဲ့သည်။

## ဝမ်ကာန် တိုက်နယ် ဘုရားကျောင်း (၂၅)နှစ်ပြည့် ဂျူဗီလီနှင့် ခရစ္စမားအားပေးခြင်း



တောင်ကြီးဂိုဏ်းချုပ် သာသ နာ၊ မိုင်းရှူး ဝမ်ကန်တိုက်နယ် စိန် ဂျိုးဇက် ဘုရား ကျောင်း၏ (၂၅)နှစ်ပြည့် ငွေစင်ဂျူဘီလီပွဲ တော်နှင့် ကလေး သူငယ်များ ခရစ္စမားအားပေးခြင်း စက္က ရာမင်းတူး ခံယူပွဲကို ၂၀၁၉ ဧပြီလ ၃၀ မှ မေလ ၁ ရက်နေ့ အထိ မိုင်းရှူးမြို့၊ ဝမ်ကန် ဘုရားကျောင်း၌ ကျင်းပပြုလုပ် ခဲ့ ပါသည်။

၃၀ ရက်နေ့ ညနေ ၄း၀၀နာရီ အချိန်တွင် ဂိုဏ်းချုပ် ဆရာတော်ကြီး ဘာဇီးလျိုအားသိုင်မှ ဂျူဘီလီ ကျောက်ပြားကို ကောင်းချီးပေးပြီး စိပ်ပုတီး စိပ်ခဲ့ကြပါသည်။

၁ ရက်နေ့ နံနက် ၈း၀၀နာရီ အချိန် တွင် ဂျူဘီလီ ကျေးဇူးတင်မဿတရား တော်မြတ်နှင့် ခရစ္စမားအား ပေးခြင်းကို ဂိုဏ်းချုပ် ဆရာတော်ကြီးမှ ဦးဆောင်ကာ ရဟန်းတော်(၂၁)ပါးတို့နှင့်အတူပါဝင်တင်ပူဇော်ခဲ့ကြပါသည်။

ကလေးသူငယ်များ (၁၇) ဦး ခရစ္စမား အားပေးခြင်းခံယူပြီး ပွဲတော် တွင် ပါဝင်သူ (၃၀၀) ကျော်ရှိပါသည်။

Rev. Fr. ဂျိုဝါးနီ မောင်နီ





အိုသခင်ယေရှု၏ ရွှေနှလုံးတော်
တပည့်တော်၏ နှလုံးသားအား
ကိုယ်တော်ရှင်၏
နှလုံးသားနှင့် တူအောင်
ပြုပြင်ပေးတော်မူပါ။

# မြန်မာနိုင်ငံလုံးဆိုင်ရာ စိန့်ဂျိုးဇက် ကက်သလစ် ရဟန်းဖြစ် တက္ကသိုလ်မှ ဦးစီးဖွင့်လှစ်မည့် ဓမ္မပညာရပ်ဆိုင်ရာ ဒီပလိုမာ သင်တန်းအကြောင်း ဖာသာရ် လွှမ်းမိုးနိုင်နှင့် တွေ့ဆုံမေးမြန်းခြင်း





## ဓမ္မပညာရပ်ဆိုင်ရာ ဒီပလိုမာသင်တန်း စတင်ဖြစ် ပေါ်လာပုံ

ပထမဆုံးအနေနဲ့ ဓမ္မပညာရပ်ဆိုင်ရာ ဒီပလိုမာ သင်တန်းအကြောင်းလေးကို အရင်ပြောချင်ပါတယ်။

ဓမ္မပညာရပ် ဆိုင်ရာ ဒီပလိုမာ သင်တန်းဖြစ်ဖို့ အတွက် ခြေကုပ် ယူခဲ့တာ (၂) နှစ်နီးပါးရှိပါ ပြီ။ ကျွန်တော်တို့ရဲ့ မေဂျာ ဆေမီနာရီမှာ လွန်ခဲ့တဲ့ (၂) နှစ်ကနေ စပြီး တော့ ဓမ္မပညာနှင့် ခရစ်ယာန် သက်တာဆိုတဲ့ ခေါင်းစဉ်နဲ့ ကျွန်တော်တို့ ဟောပြောပွဲတွေလုပ်တယ်။ Seminar တွေလုပ် ခဲ့တယ်။ ဓမ္မပညာရပ်ဆိုင်ရာ ဒီပလိုမာ သင်တန်း အတွက် ပထမခြေလှမ်းပဲဖြစ်တယ်။ ဒါကြောင့် ဓမ္မပညာရပ်ဆိုင်ရာဒီပလိုမာသင်တန်းဆိုတာ ခုမှချက်ချင်းပေါ်ပေါက်လာတာ မဟုတ်ပဲနဲ့ ဒီနှစ်မှာမှ တစ်ဆင့်တက်ပြီး ပထမခြေလှမ်းရဲ့ ဒု တိယအဆင့်ဖြစ်တဲ့ ဒီ ဓမ္မပညာရပ်ဆိုင်ရာ ဒီပလိုမာ သင်တန်း ကို ၂၀၁၉-၂၀ ပညာသင်နှစ်မှာ ကျွန်တော်တို့ရဲ့ National Catholic major seminary ကနေပြီးတော့ သာမန် ကက်သလစ်ဘာသာဝင်တွေအတွက် သင်ကြားပို့ချပေးသွားမှာ ဖြစ်ပါတယ်။ ဒ့ါကြောင့်မို့ ဒီသင်တန်းက ဓမ္မပညာကို စိတ်ဝင် တစားလေ့လာလိုတဲ့ ကက်သလစ်ဘာသာဝင်များ အားလုံး အတွက် ရည်ရွယ်ပြီးဖွင့်လှစ်ထားတာ ဖြစ်ပါတယ်။ ဒ့ါအပြင် သင်တန်း ပြီးမြောက်တဲ့အခါ သင်တန်းကိုတက်ရောက်တဲ့ ဘာသာတူများ ကက်သလစ်ဘာသာဝင်များအနေနဲ့ မိမိတို့ရဲ့ ဘာသာတရားကို ပိုပြီးတော့မှ သိရှိလာမှာ ဖြစ်သလို မိမိတို့ရဲ့ ဘာသာတရား သွန်သင်ချက်တွေကိုလည်း ပိုပြီးတော့ မှ လေးလေးနက်နက် သိရှိလာမှာဖြစ်ပါတယ်။ ဒ့ါအပြင် ဒီဟာတွေကို အခြေခံပြီးတော့ ယုံကြည်ခြင်းမှာ ပိုပြီးတော့ ခိုင်မြဲလာနိုင်ဖို့အတွက် ရည်ရွယ်ပြီးတော့ ဖွင့်လှစ်ခြင်းဖြစ် ပါတယ်။

ဓမ္မပညာရပ်ဆိုင်ရာ ဒီပလိုမာသင်တန်း စလုပ်မယ်လို့ အ ကောင်အထည်ဖော်ကတည်းက မနှစ်က CBCM ဆရာတော်များ အစည်းအဝေးမှာ တင်ပြခဲ့တယ်။ ဆရာတော်ကြီးတွေကလည်း စိတ်ဝင်စားခဲ့တယ်။

## ရည်မှန်းချက်

ဘယ်လောက်ထိရည်မှန်းထားလည်းဆိုရင် ကျွန်တော်တို့ ဒီပလိုမာရတဲ့ထိ ဒီပလိုမာရတဲ့သူတွေဟာ သာသနာရေးမှာဖြစ်ဖြစ်ပြန်ပြီးတော့ ဆရာတော်တွေ ဘုန်းကြီးတွေ စစ္စတာရ်တွေနဲ့ အတူတူ ပြန်လည်ကူညီလို့ရတဲ့ သူတွေအဖြစ် ဖြစ်နိုင်ဖို့အတွက် ရည်ရွယ်ထားပါတယ်။ သာသနာမှာပြန်လည်ပြီးတော့ ဆက်ကပ်ဖို့ အတွက် ရည်ရွယ်ထားတဲ့ သင်တန်းပေ့ါ။

## သင်တန်းကာလ

သင်တန်းကာလအပိုင်းအခြားအနေနဲ့ ကတော့ ဒီပလိုမာသင်တန်းအတွက် တစ်နှစ်သတ်မှတ်ထားပါတယ်။ ဒီတစ်နှစ်မှာ Semester နှစ်ခုရှိမှာဖြစ်ပါတယ်။ ပထမနှစ်ဝက်ကိုတော့ ဂျွန်လ (၁) ရက်နေ့ကနေပြီးတော့ ဩဂုတ်လ (၃၁) ရက်နေ့ထိ ဖြစ်ပြီးတော့ ဒုတိယ နှစ်ဝက်အနေနဲ့ကတော့ အောက်တိုဘာ (၅) ရက်မှ ဖေဖေါ်ဝါရီ (၈) ရက်နေ့ အထိဖြစ်ပါတယ်။

ဒီသင်တန်းဟာ ကက်သလစ် ဘာသာဝင်တွေ အတွက် ရည်ရွယ်ပြီးတော့ ဖွင့်လှစ်ထားတဲ့သင်တန်း ဖြစ်တဲ့ အတွက် ဘာသာဝင်တွေ အားမယ့် စနေနေ့ကို ရွေးချယ်ပြီးတော့ ဖွင့်လှစ်ထားခြင်းဖြစ်ပါတယ်။ ဘာသာတူများအားလုံး အတွက် သင့်တော်မယ့်အချိန်ကိုရွေးပြီးတော့ ကျွန်တော်တို့ဒီမှာရှိနေတဲ့ စာချဘုန်းတော်ကြီး တွေအနေနဲ့ စနေ၊ တနင်္ဂနွေ ရက်ထဲမှ အားတဲ့ရက်ကို ဖဲ့ပြီးတော့ ဘာသာတူတွေအတွက် အချိန်ပေးခြင်းဖြစ်ပါတယ်။

## သင်ကြားပို့ချမည့်ဘာသာရပ်များ

ဒီသင်တန်းမှာ သင်ကြားပို့ချမည့် ဘာသာရပ်များ အနေနဲ့ကတော့ ဦးဆုံး ကက်သလစ်သာသနာတော်ရဲ့ လူမှုရေးဆိုင်ရာ သွန် သင်ချက်နဲ့ ပက်သက်တဲ့အကြောင်းအရာတွေ ဝတ်ပြုကိုးကွယ်ခြင်းနဲ့ ဆိုင်ရာ သိမှတ်ဖွယ်ရာ တွေနောက် ဂိုဏ်းကွဲ ခရစ်ယာန်တွေ၊ ဘာသာခြားတွေနဲ့ အပြန်အလှန်နီးနှောဖလှယ်တဲ့အခါ ဘယ်လိုမျိုးနည်းလမ်းတွေ သုံးရမယ် ဘယ်လိုမျိုးစိတ်ထားတွေ ထားရမယ်ဆိုတာ သိမှတ်ဖွယ်ရာတွေ နောက် ကက်သလစ် သာသနာတော်ရဲ့ စက္ကရမင်တူးဆိုင်ရာ သွန်သင်ချက်တွေ သိမှတ်ဖွယ်ရာတွေ ဒ့ါအပြင် ကက်သလစ်သာသနာတော်ရဲ့ သမ္မာကျမ်းစာနဲ့ ဆိုင်ရာ သိမှတ်ဖွယ်ရာတွေ ကိုဒီမှာသင်ကြားပေးမှာဖြစ်ပါတယ်။ ဒ့ါအပြင် ကက်သလစ်သာသနာတော်ရဲ့ ကာနွန်ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာတွေ ကလေးသူငယ်ဆိုင်ရာ သွန်သင်ချက်နဲ့ သိမှတ်ဖွယ်ရာတွေ၊ ကက်သလစ်သာသနာရဲ့သမိုင်းကြောင်းကိုလည်း လေ့လာသင်ကြားမှာဖြစ်ပါတယ်။ ဒါပြင်ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ ကက်သလစ်သာသနာတော်ရဲ့ အားလုံးပူးပေါင်းပါဝင်ရာ သာသနာတော်ရဲ့ သိမှတ်ဖွယ်ရာတွေ သခင်ခရစ်တော်နဲ့ ဆိုင်ရာ သိမှတ်ဖွယ်ရာတွေ သင်ကြားပေးမှာဖြစ်တယ်။ ဒ့ါအပြင် နောက်ဆုံးသေခြင်းတရား စီရင်ဆုံးဖြတ်ခြင်းနှင့် ကောင်းကင်နှင့်ငရဲဆိုင်ရာ သွန်သင်ချက်များကိုလည်း ဒီသင်တန်းမှာ ကက်သလစ် ဘာသာဝင်များကို ဝေမျှပေးသွားမှာဖြစ်ပါတယ်။

တက်ရောက်မယ့် ဘာသာဝင်များအနေနဲ့ အနည်းဆုံးတော့ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသားသူ ဖြစ်ရမယ် တက္ကသိုလ်က တစ်ခုခု ဘွဲ့ရထားတဲ့သူ ဖြစ်ရမယ်။ ဒ့ါအပြင် အင်္ဂလိပ်စာလည်း အခြေခံသိထားရမှာ ဖြစ်ပါတယ်။ နောက်ထပ်တစ်ခုကတော့ မိမိသာသနာ ကျောင်းထိုင်ဘုန်းတော်ကြီးရဲ့ ထောက်ခံစာ တကယ်လို့ ဘရာသာရ်၊ စစ္စတာရ် ဖြစ်ခဲ့မယ်ဆိုရင် ဂိုဏ်းအကြီးအကဲရဲ့ ထောက်ခံစာကိုလည်း ပူးတွဲ တင်ပြရမှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ Passport size အရွယ် ဓါတ်ပုံ (၂) ပုံကိုလည်း ပူးတွဲ တင်ပြရမှာ ဖြစ်ပါတယ်။

စားရင်းပေးသွင်းထားသူ (၃၅) ယောက်ထဲမှာ အများစုကတော့ ရန်ကုန်မြို့ပေါ် သာသနာတွေက များပါတယ်။ ဒါမယ့် မင်္ဂလာဒုံတို့ ဖျာပုံတို့ မန္တလေးတို့ က သင်တန်းသူ သင်တန်းသားတွေလည်းပါကြပါတယ်။

ဒီသင်တန်းက ကက်သလစ် ဘာသာဝင်တွေ အတွက် အကျိုးရှိတဲ့ သင်တန်းတခုလို့ ထပ်ပြီးတော့ ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီသင်တန်းမှာ သိရတဲ့ အသိဉာဏ်တွေ၊ သိမှတ်ဖွယ်ရာတွေ အသင်းတော်နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ ကျမ်းစာနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေက တကယ်ပဲ ကက်သလစ်မေဂျာ စီမီနာရီမှာ သင်ကြားနေတဲ့ စာချဘုန်းတော်ကြီးတွေကိုယ်တိုင်သင်ကြားပေးမှာ ဖြစ်တဲ့အတွက် ဘာသာသူတွေ အတွက် တကယ်ပဲစစ်မှန်တဲ့ အနှစ်သာရ ရှိတဲ့ သွန်သင်ချက်မျိုး၊ နားလည်မှုမျိုးကို ရရှိမှာဖြစ်တယ်။ စစ်မှန်တဲ့ ဗဟုသုတ၊ အသင်းတော်နဲ့ ပတ်သက်တဲ့ ဗဟုသုတ ရမယ်လို့ ကျွန်တော် ရဲရဲကြီး ပြောရဲပါတယ်။

RVA-Myanmar



မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် ရဟန်းဖြစ်တက္ကသိုလ်
သီအော်လော်ဂျီ ဌါန ၊ ရန်ကုန်မြို့





ရန်ကုန်ဂိုဏ်းချုပ်သာသနာ လူငယ်စခန်းချသင်တန်း အမှတ်စဉ် ၂၂ ကို မေလ ၁- ၅ ရက်အထိ တွံတေးမြို့ ကောင်းကင်ဘုံသို့ပင့်ဆောင်ခြင်းခံရ သောမယ်တော်သခင်မ ဘုရားကျောင်း တွင် ကျင်းပပြုလုပ်ခဲ့ပြီး မေလ ၅ ရက်နေ့တွင် ကာဒီနယ် ချားလ်စ်ဘိုမှ ကျေးဇူးတင်မစ္ဆားတရားတော်မြတ်ကို ဦးဆောင် ပူဇော်ပေးခဲ့သည်။

ဓါတ်ပုံ - ရန်ကုန်ဂိုဏ်းချုပ်သာသနာ လူငယ်ကော်မရှင်

# မော်လမြိုင်ဂိုဏ်းအုပ်သာသနာ တည်ထောင်ခြင်း (၂၅) နှစ် ပြည့် ဂျူဘီလီပွဲ ကျင်းပ










ချွန်ကျုံး ရွာ ကက်သလစ် သာသနာ နှစ် ၅၀ ပြည့် ရွှေရတု ဂျူဘီလီ ပွဲတော် ကျင်းပခြင်း



လားရှိုး ဂိုဏ်းအုပ် ဆရာတော် ဖိလစ်ဇပေါင်း ၏ ဆရာတော် ဝါတော် ၂၅ နှစ် ပြည့် ငွေရတုဂျူဘီလီပွဲ

